# သစ်ဆိမ့်ကုန်းကျေးရွာ
# မိုးကုတ်မြို့နယ်
# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သစ်ဆိမ့်ကုန်းကျေးရွာ၊ မိုးကုတ်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁-
၃
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
သစ်ဆိမ့်ကုန်းကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၆
သစ်ဆိမ့်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊မိုးကုတ်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**
၈

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
၈
( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၈

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၉
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
၉-၁၀
( ခ) သဘာဝအရင်းအမြစ်များ ၁၀-၁
၁

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
( ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
၁၁
( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၁-၁
၂
(ဃ) ကျန်းမာရေး နှင့် အာဟာရ ၁၂
( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
၁၂-၁၃
( စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၃

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
၁၄

( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
၁၄
( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
၁၄-၁၅
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
၁၆
( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
၁၆
( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
၁၇
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
၁၇-၁၈
( ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ ၁၈-၁၉သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး ၁၉
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
၁၉
( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၁၉-၂၀
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀-၂၃
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၃-၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
၂၅
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
၂၅
( ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
၂၅- ၂၆
( ဂ) ဦးစားပေး စီမံချက်များ ၂၇-၂၉
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၃၀

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်
၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
၃၃
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
၃၄-၃၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
အကောင်အထည်ဖော်မည့်အချိန်ကာလ
၃၈
စီမံချက်ဘတ်ဂျက်
၃၉
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**
၄၀-၇၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စု များ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

၇၃-၇၆

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

၇၈-၈၁

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MOALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅) နှစ် ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တ

က်တက်ကြွကြွပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ် နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်န ည်းကို အသုံးပြု၍ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်ကူညီပံ့ ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်း ကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သ ည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်း ဂဏန်း နှင့် သတင်းအချက်အလက်တို ၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအ ပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆို င်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆ က်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက် တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ နှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆော င်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွ က် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသ ည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က) တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လု ပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အ စီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက် မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အ လက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အ လက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သစ်ဆိမ့်ကုန်းကျေးရွာ
မိုးကုတ်မြို့နယ်

# မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်
# သစ်ဆိမ့်ကုန်းကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှစိုး | ဦးချစ်တီး | ၉/မကန(နိုင်)၀၇၅၂၉၅ | ၄၃ | ဥက္ကဋ္ဌ | 09-253986629 |
| ၂ | ဦးစိန်မြတ်စိုး | ဦးမှတ်ရင် | ၅/ရဥန(နိုင်)၀၆၆၉၅၆ | ၃၈ | အတွင်းရေးမှူး | 09-400833735 |
| ၃ | ဦးဆန်းထွန်းဦး | ဦးမြင့် | ၉/မကန(နိုင်)၁၂၄၄၀၉ | ၃၈ | ဘဏ္ဍာရေးမှူး | 09-459094223 |
| ၄ | ဦး:တင်လွင် | ဦးဘသောင်း | ၉/မကန(နိုင်)၀၉၁၂၆၀ | ၄၃ | စာရင်းကိုင် | 09-428556849 |
| ၅ | ဦးနိုင်ဝင်း | ဦးသာဌေး | ၉/မကန(နိုင်)၁၁၆၅၂၂ | ၂၉ | သော့ကိုင် | 09-258551114 |
| ၆ | ဦးသိန်းဇော်ဦး | ဦးသောင်းရွှေ | ၉/မကန(နိုင်)၁၀၈၈၇၉ | ၃၃ | သော့ကိုင် | 09-420903394 |
| ၇ | ဒေါ်သန်းမြင့်ကြည် | ဦးလှဖေ | ၉/မကန(နိုင်)၀၃၀၉၇၈ | ၅၄ | အဖွဲ့ဝင် | |
| ၈ | ဒေါ်အေးသင်းနွဲ့ | ဦးညွန့်ရွှေ | ၉/မကန(နိုင်)၀၄၈၃၃၀ | ၄၂ | အဖွဲ့ဝင် | 09-257381537 |
| ၉ | ဒေါ်လှမိုင် | ဦးမှတ်ထုံး | ၉/မကန(နိုင်)၀၅၁၂၄၃ | ၄၁ | အဖွဲ့ဝင် | 09-401407350 |
| ၁၀ | ဒေါ်မာရာ | ဦးမာရော | ၉/မကန(နိုင်)၁၁၄၈၈၀ | ၃၂ | အဖွဲ့ဝင် | 09-264162299 |
| ၁၁ | ဒေါ်မေရီဦး | ဦးခုတ်ခင်းထန် | ၉/မကန(နိုင်)၁၁၆၃၆၀ | ၃၃ | အဖွဲ့ဝင် | 09-459080321 |
| ၁၂ | ဒေါ်စိန်ရွှေ | ဦးဝင်း | ၉/မကန(နိုင်)၀၅၁၂၂၅ | ၄၇ | အဖွဲ့ဝင် | |
| ၁၃ | ဒေါ်ရွှေကြည် | ဦးအိုက်ငင် | ၉/မကန(နိုင်)၀၉၁၀၁၉ | ၃၈ | အဖွဲ့ဝင် | 09-452936694 |
| ၁၄ | ဦးအောင်နိုင် | ဦးယောဟန် | ၉/မကန(နိုင်)၁၆၂၂၉၀ | ၃၇ | အဖွဲ့ဝင် | 09-4713080 |
| ၁၅ | ဦးဇော်ဇော် | ဦးညွန့်အောင် | ၉/မကန(နိုင်)၁၁၄၅၆၆ | ၃၈ | အဖွဲ့ဝင် | 09-448794833 |

## သစ်ဆိမ့်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးကုတ်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရ ပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲ ရေး အတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထိုအပြင်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှ ိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့် ၊ ပြည်နယ်နှင့်တိုင်းအဆင့် ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာ နိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ် သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေး လက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့ အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်း လင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်း များကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

သစ်ဆိမ့်ကုန်းကျေးရွာသည် မိုးကုတ်-မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး မိုးကုတ်မြို့ နှင့် (၁၈)မိုင်ခန့်ကွာဝေးသည်။ မြောက်လတ္တီတွဒ် ၂၂ ၅၃'၊ အရှေ့လောင်ဂျီတွဒ် ၉၆ ၂၁' တွင်တည်ရှိ ပါသည်။ မိုးကုတ်-မန္တလေးလမ်းမကြီးပေါ်တွင်တည်ရှိ၍ မိုးကုတ်မြို့မှ (၁၈) မိုင်ကွာဝေးသည့် တောင်ပေါ်ဒေသဖြစ်ပြီး ဗမာ၊ ရှမ်း၊ ပလောင်၊ လီဆူလူမျိုးများစုပေါင်းနေထိုင်ကြသည့် ကျေးရွာ ဖြစ်ပြီး ပင်လယ်ရေ မျက်နှာပြင်အထက် (၃၁၀၀) ပေအထက်တွင် တည်ရှိ၍ မိုးများပြီး သင့်တင့်သော ရာသီဥတုမျိုးရရှိသော ဒေသံတခုဖြစ်သည်။ တောင်တန်းဒေသဖြစ်ပြီး ညီညာကျယ်ပြန့်သော စိုက်ပျိုး မြေနည်းသည်။

ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော အထက်ကျောက်ကြမ်းကျေးရွာ ၊ စခန်းကြီး ကျေးရွာ များသို့ မိုးကုတ်-မန္တလေးလမ်းမကြီးဖြင့် ဆက်သွယ်ထားသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ကျေးရွာသည် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားလူမှုစီးပွားရေးအတွက် ဤလမ်းမကြီးကို အဓိက အားထားသော ကျေးရွာဖြစ်သည့်အလျောက် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမ ကြီးကို ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရန် အထူးလိုအပ် ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးနိုင်သော လယ်မြေ (၄) ဧက၊ တောင်ယာ (၈) ဧကနှင့် ဥယျာဉ်ခြံ (၃၅၉) ဧက၊ တောင်သူ (၁၀၇) ဦးရှိပြီး၊ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိထားသူတောင်သူ (၃၈) ဦး ပုံစံ(၇) ရရှိပြီး စိုက်ပျိုးခြံဧရိယာ(၁၅၀.၅၅)ဧကရှိသည်။ မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန် သည်။ တောင်သူအများစုသည်နှစ်ရှည်သီးနှံခြံလုပ်ငန်း (လိုင်ချီး(တရုတ်ဇီးသီး) ထောပတ်အဓိက စိုက်ပျိုးကြပြီး ပင်မှည့်သီး၊ ငှက်ပျော သီး၊ သံပုရာသီး အနည်းအကျ

ဉ်း စိုက်ပျိုးကြသည်။ စိုက်ပျိုးရေ အနေဖြင့် သဘာဝစိမ့်စမ်းရေ ကို အသုံးပြု၍ စိုက်ပျိုးကြသည်။

သစ်ဆိမ့်ကုန်းကျေးရွာ၏ ပတ်ဝန်းကျင်တွင် အဖိုးတန်ကျောက်မျက်ရတနာများဖြစ်သော ပတ္တမြား ၊ နီလာ ၊ စလင်း ထွက်ရှိသည်။ အဖိုးတန် ကျောက်မျက်ရတနာများ နေရာအနှံ့ထွက် ရှိသော်လည်း အများအစားမရနိုင်ခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ကျောက်မျက်တူးဖော်ရေးဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင်(ဖက်စပ်)များအား လုပ်ပိုင်ခွင့်ချ ထားပေးခြင်းတို့ကြောင့် ရွာသူ/သားများအနေဖြင့် တနိုင်တပိုင် လုပ်ကိုင်စားသောက်နိုင်ခြင်း မရှိပါ။

ကျေးရွာ၏ အခြားလုပ်ငန်းတစ်ခုမှာ မျှစ်လုပ်ငန်းဖြစ်သည်။ ခြံစိုက်ပျိုးခြင်း လုပ်ငန်းပြီးလျှင် ဝမ်းစာရေးကို ဖြေရှင်းရာတွင် ဒုတိယအလုပ်အကိုင်အဖြစ် လုပ်ကိုင်ကြပသည်။ အလုပ်အကိုင် ရှားပါးမှုကြောင့် သစ်တောထုတ်ကုန်များကို ထုတ်ယူသုံးစွဲလာခြင်းဖြင့် ဖြေရှင်းကြပါသည်။

## ၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၉၆) စု ရှိသည်။ ကျား(၄၇၉)၊ မ(၄၃၂)ဦး စုစုပေါင်း (၉၁၁) ဦးရှိကာ တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေမှာ (၄.၆၅) ဦးနှုန်းဖြစ်ပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်စုပျမ်းမျှနှုန်း(၅) ယောက်နှုန်းရှိသည်။ ကျေးရွာတွင် ဗမာ၊ ရှမ်း၊ ပလောင်၊ လီဆူ၊ ရှမ်းပလောင်၊ ကချင်လူမျိုးများ စုပေါင်းနေထိုင်ကြသည်။အလုပ်လုပ်နိုင်သောလူဦးရေ ကျား(၃၂၂)၊ မ(၃၀၂) ယောက် ရှိပြီး ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏(၆၈.၅)% ရှိသည်။ အလုပ်လုပ်နိုင်သော အမျိုးသားဦးရေသည် (၃၅.၃%) ရှိပြီး အမျိုးသမီးဦးရေသည် (၃၃.၂)% ရှိသဖြင့် အလုပ်လုပ်နိုင်သော အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၂.၂%) ပိုများသည်။ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၆၈.၅%) ရှိသဖြင့် လူသားအရင်း အမြစ်ကောင်းတစ်ရပ် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ကာ ကျေးရွာအတွင်းရှိ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး လူစွမ်းအား အရင်းအမြစ်ကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးနိုင် မည်ဖြစ် သည်။

ကျေးရွာအတွင်းရှိ လူငယ်များနှင့် လူကြီး၊ ကျား/မအဆင့်အတန်း မခွဲခြားပဲ လူစွမ်းအား အရင်းအမြစ်များကို အပြည့်အဝအသုံးပြုမည်ဆိုပါက ကျေးရွာ၏လူမှုစီးပွားရေးကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးသည်ကျေးရွာ၏အဓိကလုပ်ငန်းဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာသာမန် အားဖြင့် လျော့နည်းသည်။ ခနအဆင့်သတ်မှတ်မှုအရ ချမ်းသာသော အိမ်ထောင်စုဦးရေသည် အိမ် ထောင်စုအားလုံး၏ (၅%) သာရှိပြီး အဆင်ပြေသောမိသားစု(၄၇%)ရှိသည်။ ဆင်းရဲ(၄၂%) နှင့် အလွန် ဆင်းရဲအဆင့်မိသားစု(၆%) ရှိသည်။

ချမ်းသာသော မိသားစုများသည် လယ်ယာစိုက်ပျိုးရေး (ခြံ) လုပ်ငန်းအပြင် အရောင်းအဝယ် လုပ်ငန်း အိမ်ဆိုင်(ဈေးရောင်း) လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု အားဖြင့် အများစုမှာ ခြံမြေဧက (၁၅) ဧကနှင့် အထက်ပိုင်ဆိုင်ကြသည်။

အဆင်ပြေသောမိသားစုများသည် အများအားဖြင့် စိုက်ပျိုးမြေ (၅) ဧကမှ (၁၀)ဧကအကြား ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည်။ တွဲဖက်လုပ်ငန်းများအဖြစ် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်ကြသည်။

အလယ်အလတ်ဖြစ်သည့် (၄၇%) သော မိသားစုများမှာ စိုက်ပျိုးမြေ (၅) ဧကအောက် ပိုင်ဆိုင် သူများဖြစ်ကြသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအရ ကျေးရွာတွင် (၅) ဧကအောက်ပိုင်ဆိုင်သူ (၄၇%)၊ (၅) ဧကအထက် ပိုင်ဆိုင်သူ (၅%) နှင့် မြေယာမဲ့ (မြေယာမပိုင်သူ) (၄၈%)ရှိသည်။

အဆင်မပြေသောမိသားစုအများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားဝင်လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၄၈%) ရှိပြီး လယ်ယာလုပ်ငန်း၊ သူရင်းငှားလုပ်ငန်း လက်လီ၊ ထင်း၊ မီးသွေး၊ မျှစ်ချိုး၊ ဝါးခုတ်၊ တနိုင်တပိုင်မွေးမြူရေး၊ နေ့ထွက်(နေ့စား) လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်ခုတ်လုပ်ငန်း၊ မျှစ်ချိုးခြင်းနှင့် ပုဂ္ဂလိကစိုက်ခင်းများတွင် အငှားဝင်ရောက်လုပ်ကိုကြပြီး ဆင်းရဲ နှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀)% ဖြစ်သော အိမ်ထောင်စု (၂၄) စုကို လေ့လာဆန်းစစ်မှု အရ ယင်းတို့မှာ သူတပါးထံမှ ထောက်ပံ့မှုရယူခြင်း၊ ချေးငှားခြင်းမပြုဘဲ နပ်မှန်အောင် စားသောက် နိုင်ကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှုအနေဖြင့် ယင်းအိမ်ထောင်စုများ၏ (၁၀) % မှာ တစ်နှစ်ပတ်လုံး မဖူလုံသော အိမ်ထော

င်စုဖြစ်ပြီး ၃လမှ၆လကြားမဖူလုံသူ (၁၀)% နှင့် ၃လအောက် မဖူလုံသူ(၁၀)% ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများ၏ ထက်ဝက် ကျော်ထောက်ပံ့မှုရယူခြင်း၊ ချေးငှားခြင်းမပါဘဲ စားဝတ်နေရေးကို ရုန်းကန်ရင်း ဖြေရှင်းကြ သည်။ ကျန်ထက်ဝက်ခန့်မှာ ထောက်ပံ့မှုယူခြင်း၊ ချေးငှားခြင်း၊ နှစ်မျိုးစလုံး ရယူခြင်း စသ ဖြင့် မိသားစုစားဝတ် နေရေးကို ပုံစံအမျိုးမျိုးဖြင့် ဖြေရှင်း ကြသည်။

အိမ်ထောင်စုအားလုံး၏ (၁.၁၆%) သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ် ကြပြီး အများစုမှာ ဆင်းရဲကြသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေ ဆ င်းရဲသည့် အိမ် ထောင်စုများသည် အကူအညီလိုအပ်နေသူများမဟုတ်ကြောင်းတွေ့ရှိရသည်။

ကျေးရွာတွင်း မူးယစ်ဆေးဝါးသုံးစွဲသော လူငယ်လူရွယ်များမရှိ ကြောင်းတွေ့ရှိရသ ည်။ အလုပ် အကိုင်ရှားပါးခြင်း၊ ကျွမ်းကျင်ပညာရပ် မတတ်မြောက်ခြင်း၊ မူးယစ်ဆေးဝါး ၊ အသိပညာ အားနည်းမှု နှင့် ထိခိုက်လွယ်သော မိသားစု/အုပ်စုအပေါ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ် မိရပ်ဖများ၏ လစ်လျူရှုမှု မရှိကြောင်းတွေ့ရှိရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မွေးကင်းစ ကလေးငယ်များ အသေ အပျောက် နည်းပါးသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် မွေးက င်းစကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား အခါအားလျော်စွာ ကာကွယ်ဆေးထိုး ခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းတို့ကို ပြုလုပ် ပေးသည်။

ကျွန်ုပ်တို့၏ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမ မရှိ။ ကျေးရွာဆေး ခန်းမရှိ။ ကျေးရွာအတွင်း အမျိုးသမီးများ၊လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွ က် အခြေခံကျန်းမာ ရေးစောင့်ရှောက်မှု မရှိသလောက် နည်းပါးနေသေး သည်။ မြို့နယ်ဆေး ရုံနှင့် (၁၈) မိုင်ခန့်ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်းမီမှုမရှိသောကြောင့် ကျေးရွာ ဆေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ချပေးရန် လိုအပ်နေပါသည်။ သားဖွားကဲ့သို့သော ကျ န်းမာရေးဝန်ထမ်းများကို ချထားပေးရာတွင် ကျေးရွာသူ/သားများနှင့် လိုက်လျောညီထွေဆ က်ဆံတတ်ပြီး ကျွမ်းကျင်သောဝန်ထမ်းများနှင့် အစား ထိုးပေးရန်လိုအပ်ပါသည်။

ကျေးရွာသားများ သာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံကျန်းမာရေး အ သိပညာ ပေးမှုများ၊ ကလေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု နှင့် ကုသရေး အပိုင်းတွင် နှောင့်နှေး လျက်ရှိသေးသည်ကို တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

လက်ရှိကျောင်းစာရင်းအရ တက်ရောက်သော ကျောင်းသား / ကျောင်းသူမှာ မူလတန်း ကျောင်းသားဦးရေ (၁၀၀) ယောက်ရှိပြီး အလယ်တန်း (၅၆) ယောက်ရှိ သည်။ အလယ်တန်း (၅၆)ဦး သည် ကျောက်ပြဿဒ်ကျောင်း၊ ကျပ်ပြင်ကျောင်းတို့တွင် သွားရောက် ပညာသင်ကြား ရသည်။ တစ်ရွာလုံး၏ အ ခြေခံပညာအလယ်တန်းအဆင့်တွင် (၁၄၃) ဦးရှိပြီး အလယ်တန်းအဆင့်နှင့် ကျောင်းထွက်သူ ဦးရေ (၈၇)ဦးရှိသည်။

တစ်ရွာလုံး၏ အထက်တန်းပညာရေးဦးရေ(၈၇)ဦး၊ ကျေးရွာရှိ အထက်တန်းတက်ရောက်ဆဲ ကျောင်းသား ဦးရေ (၃၂)ဦး ရှိသောကြောင့် ကျေးရွာ၏ အထက်တန်းနှင့် ကျောင်းပြီးသူဦးရေ (၅၅)ဦးရှိသည်။

ကျေးရွာအတွင်း အထက်တန်းအောင်ပြီးသူ(၅၃)ဦး၊ တက္ကသိုလ်တက်ရောက်နေဆဲ (၂၇)ဦးရှိ သောကြောင့် တစ်ရွာလုံး၏ (၁၀) တန်းအောင်ပြီး ကျောင်းထွက်သူ (၂၃) ဦး ရှိသည်။

ကျေးရွာပြင်ပသို့ အခြေချသွားသူအပ ကျေးရွာတွင်းဘွဲ့ရ ကျား (၂၅) ဦး၊ မ (၂၈) ဦးရှိပြီး စုစုပေါင်း(၅၃)ဦးရှိသည်။

ကျောင်းတက်နေသူများနှင့် ကျောင်းပြီးသူများအပါအဝင် ကျေးရွာ၏အခြေခံပညာ အထက် တန်းအောင်ပြီးသူ(၅၃)ဦး၊ဘွဲ့ရ(၂၆)ဦး၊ စုစုပေါင်း(၇၉)ဦးရှိပြီး စုစုပေါင်းကျေးရွာလူဦးရေ၏ (၈.၆၇%) ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ၌ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ ပညာရေး အဆင့်အတန်းအတော်အသင့် ရှိသော လူငယ် လူရွယ်များမှာ ရည်ရွယ်ချက်ရှိပြီး တာဝန်မပေးခြင်း၊ အခွင့်အရေး အခွင့်အလမ်းများ ပိတ်ပင်တားဆီးမှုခံနေရခြင်း၊ အသိအမှတ်မပြုခြင်း၊ မူဝါဒပိုင်း(အယူအဆ)၌ တိုက်ခိုက်ခံနေရခြင်း များ ရှိနေဆဲ ဖြစ်ကြောင်းတွေ့ရသည်။

## (စ) ကျား/မရေးရာကိစ္စဆိုင်ရာ

ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ မူလတန်း၊ အလယ်တန်းတွင် မအမျိုး သမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်လျော့နည်းပြီး အထက်တန်း၊ တက္ကသိုလ်နှင့် ဘွဲ့ရများတွင် အမျိုးသမီးဦးရေကပိုများသည်။ ထို့ကြောင့် ပညာသင်ကြားရေးအပိုင်း၌ အမျိုးသမီးများ အမျိုးသားများနဲ့တန်းတူ အခွင့်အရေးရကြသည်။

သို့သော် အချို့အလုပ်အကိုင်များနှင့် နေ့စားလုပ်ငန်းခွင်တွင် တစ်နေ့တာကုန်ဆုံးခြင်း၊ ခွန်အား စိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်းခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီး များပါဝင်နိုင်မှုအခွင့်အရေးမရှိပေ။ တစ်ခေတ်တစ်ခါက ရှင်သန်ခဲ့သော

မိခင်နှင့်ကလေးအမျိုးသမီး ရေးရာအဖွဲ့များပင် အသက်မဝင် မှေးမှိန်လျက်ရှိသည်။ ကျေးရွာလူမှုရေးအဖွဲ့တွင် အမျိုးသမီးများ အမျိုးသားများနဲ့ တန်းတူပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာအတွင်း အမျိုးသမီးများ လူကုန်ကူး ခံရမှု မရှိပေ။

အိမ်ထောင်ရေး အကြမ်းဖက်မှု မရှိကြောင်းတွေ့ရသည်။ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျားမတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာ ပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်သင်တန်းများဆောင်ရွက်ပေး ခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ဖြစ် လာနိုင်ပါသည်။

အလုပ်လုပ်နိုင်သော အမျိုးသားဦးရေ (၃၂၂) ဦး၊ အမျိုးသမီးဦးရေ (၃၀၂) ဦး ရှိသောကြောင့် အကယ်၍ ရပ်ရေးရွာရေးတွင် အမျိုးသမီးကဏ္ဍကို ပြစ်ပယ်ထားပါက ကျေးရွာ၏လုပ်သားအင်အား (၃၃.၂%) ဆုံးရှုံးမည်ဖြစ်သည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးယဉ်ကျေးမှုနှင့် စီးပွားရေးကို အခြေခံထား သော အဖွဲ့အစည်းများရှိသည်။

ဘာသာရေးအဖွဲ့အစည်းတွင် အုံ့ဖွယ်ထူးခြားမြတ်စွာဘုရား ဂေါပကအဖွဲ့ရှိသည်။ ဂေါပက အဖွဲ့ တွင် အမျိုးသားအဖွဲ့ဝင်(၉)ဦးဖြင့် ဦးဆောင်ပါဝင်ဖွဲ့စည်းထားပြီး ကျေးရွာတွင် ဘာသာရေးကိစ္စ အဝဝ ကို ဂေါပကအဖွဲ့မှကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးကို အခြေခံသောအဖွဲ့ မတွေ့ရဘဲ အချို့သောရွာတွင်းကာကွယ်ဆေးတိုက်လုပ်ငန်းတွင် ရပ်မိရပ်ဖများမှဝိုင်းဝန်း ကူညီမှု ရှိသည်။ ကျေးရွာ၏ လူမှုရေးအဖွဲ့တွင် ကျေးရွာလူငယ်မောင်မယ် (အပျိုလူပျို) အဖွဲ့တို့ ပါဝင်သည်။ အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် အမျိုးသမီးများ ကိုယ်တိုင် ဦးဆောင် သော အမျိုးသမီးအဖွဲ့များဖြစ်ကြသည်။ ၂၀၁၀ မတိုင်မီကာလများ၌ ကျေးရွာအတွင်း အမျိုးသမီး ကိစ္စရပ်များ၌ ပါဝင်ကိုင်တွယ် ဆောင်ရွက်မှုများ ရှိခဲ့ပြီး ယခုအခါ လုပ်ဆောင်မှုများ မရှိတော့သလို မှေးမှိန်လျက်ရှိသည်။

ကျေးရွာတွင် လူမှုကူညီရေးအဖွဲ့သည် သီးသန့်ဖွဲ့စည်းထားခြင်းမရှိဘဲ၊ကျောက်ပြဿဒ်ကျေးရွာ မှ ဖွဲ့စည်းထားသော မနောဖြူလူမှုရေးအဖွဲ့သို့ အလှူငွေလှူပြီး ကျောက်ပြဿဒ်ကျေးရွာ မနောဖြူ လူမှုရေးအသင်းမှ လူနာတင် ယာဉ်တစ်စီးထူထောင်ထားပြီး သစ်ဆိမ့်ကု

န်းကျေးရွာအတွင်း အရေးပေါ် လူနာများအား နီးစပ်ရာ သို့မဟုတ် အဆင်ပြေသောဆေးရုံ ဆေးခန်းသို့ အချိန်မီပို့ဆောင် ပေးသော ကျန်းမာရေးအခြေပြု လူမှုအဖွဲ့အစည်းဖြစ်သည်။

ကျေးရွာတွင် စီးပွားရေးကိုအခြေခံသောအဖွဲ့အစည်း ငွေစုငွေချေးအသင်းများမရှိ။ စိုက်ပျိုးရေး ဘဏ်မှထုတ်ချေးငွေသည် ပုံစံ(၇) မရှိသောတောင်သူများ အဖို့ကန်သတ်မှုရှိသောကြောင့် ချေးငွေလုပ် ငန်းများလိုအပ်သည်။ အကယ်၍ အစိုးရဝန်ကြီးဌာနမှ ဒေသတွင်းချေးငွေလုပ်ငန်းများကို တရားဝင် မှတ်ပုံတင်ပေးပြီး အစိုးရ အတိုးနှုန်း နှင့်ကွာဟမှုမများသော အတိုးနှုန်းအဖြစ် ထိန်းညှိပေးခြင်းဖြင့် သော်လည်းကောင်း၊ အစိုးရကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများဖွံ့ဖြိုး တိုး တက်ရေးအတွက် ငွေးကြေးဝန်ဆောင်မှု အသစ်များ ချပေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ပေး မည်ဆိုပါက ကျေးရွာ၏ စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ပ်တို့ကျေးရွာတွင် အသင်းအဖွဲ့နည်းပြီး ၊ တက်ကြွလှုပ်ရှားရှင်သန်နေသော အဖွဲ့မှာလည်း ကျေးရွာ၏လုပ်ငန်းများအားလုံး ဆောင်ရွက်နေကြပြီး ကျေးရွာအာဏာပိုင်အဖွဲ့များ၊ ရပ်မိရပ်ဖများ၏ ထောက်ခံအားပေးမှုရှိသည်။ ကျေးရွာဦးဆောင် အဖွဲ့အစည်းများဖြစ်ကြသော ဂေါပက၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးများသည် အသက်အရွယ်အပိုင်းအခြားဖြင့် သော်လည်းကောင်း၊ ပညာအရည်အချင်းအရ သော်လည်းကောင်း၊ အုပ်စုတစ်စုထဲမှဖြစ်ကြပြီး လူဦးရေနည်းသည်။ ယင်းအုပ်စုများမှ ကျေးရွာ၏ ဘာသာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးဘတ်ဂျက်၊ ရံပုံငွေများကို ကိုင်တွယ် ဆောင်ရွက်ကြသည်။ ကျေးရွာတွင် ပညာရေးအသင့်အတင့်ရှိသော တက်ကြွသော လူငယ် လူရွယ်များ အမျိုးသမီးအုပ်စုများ ရှိသော်လည်း တာဝန်ခွဲဝေခြင်း၊ပူးပေါင်းဆောင်ရွက်ခြင်း၊မြေထောင် မြှောက်ခြင်း တစ်ကြိမ်တခါမျှ မရှိခဲ့ခြင်းကြောင့်ကျေးရွာမှာအဖက်ဖက်မှဖွံ့ဖြိုးမှု အားနည်းလျက်ရှိသည်။အကယ်၍ ခွဲခြားဆက်ဆံခြင်းမရှိပဲ ယင်းလူငယ်လူရွယ်များနှင့် အမျိုးသမီးအုပ်စုများအားကျေးရွာ၏အုပ်ချုပ်ရေး နှင့် ဦးဆောင်မှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်အားဖြင့် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင် သည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှစ်ရှည်ခြံစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားစိုက်ပျိုးကြသည်။ မျိုးစေ့၊ ပျိုးပင် အနေဖြင့်မိရိုးဖလာ နည်းလမ်းများဖြင့်သာ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန် ဆောင်မှုများ ပံ့ပိုးမှုအားနည်းသည်။ စိုက်ပျိုးရေးသွင်း အားစုတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု လက်လှမ်း စိုက်ပျိုးရေးအတွက် နည်းပညာများပို့ချနိုင်လျှင် ပို၍တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

လက်ရှိ ခြံစိုက်ဧက (၃၅၉) ဧကတွင် ပုံစံ(၇) ကျပြီး လယ်မြေဧက (၁၅၀.၅၅) ရှိပြီး ဖြစ်သောကြောင့် လက်ရှိစိုက်ပျိုးမြေဧက (၂၀၈.၅) တွင်ပါသော ခြံစိုက်တောင်သူများ လယ်ယာမြေ ပိုင်ဆိုင်ရေး၊ အစိုးရစိုက်ပျိုးရေးဘဏ်ထုတ်ယူနိုင်ရေးအတွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှ လယ်ယာ မြေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လယ်မြေပိုင်ဆိုင်မှု ပုံစံ(၇) ထုတ်ပေးခြင်းဖြင့် ကျေးရွာလယ်စိုက်တောင်သူများ၏ လူမှုဘဝ မြှင့်တင့်ရေးကို ဆောင်ရွက် နိုင်မည်ဖြစ်သည်။

ကျေးရွာတွင် ဒေသဆိုင်ရာ မွေးမြူရေးတိရိစ္ဆာန်များကိုသာ မွေးမြူကြပြီး ကျွဲကောင်ရေ စုစု ပေါင်း(၂၀)ကောင် နှင့် ကျွဲမွေးသည့် အိမ်ထောင်စု (၁) စု ရှိသည်။ မွေးမြူရေးလုပ်ငန်းများမှာ တစ်ပိုင် တစ်နိုင်မွေးမြူကြပြီး မိသားစုများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ၌ အသုံးပြုရန် ဝင်ငွေအတွက် မွေးမြူကြသည်။ ဝက်မွေးသည့် အိမ်ထောင်စု (၂၄)စု ဝက်ကောင်ရေ (၆၅) ကောင် နှင့် ကြက်မွေးသည့် အိမ်ထောင်စု(၄၆) စု ကြက်ကောင်ရေ (၂၇၈) ကောင် ရှိသည်။ ဘဲမွေးသည့် အိမ်ထောင်စု (၃) စု၊ ဘဲ (၁၁) ကောင်သာရှိသည်။ ငါးမွေးသည့် အိမ်ထောင်စု မရှိပါ။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသန္တရမွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ မိရိုးဖလာ အရ စိုက်ပျိုးရေးတမျိုးတည်းကိုသာ အဓိကအားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကြောင့်လည်းကောင်း၊ မွေးမြူရေးဝန်ကြီးဌာနမှ မွေးမြူရေးနည်းပညာနှင့် ဝန်ဆောင်မှုလက်လှမ်းမမီသောကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်ပြီး မွေးမြူရေး လုပ်ငန်းကိုလုပ်ကိုင်မှု အားနည်းသည်။လက်ရှိအခြေအနေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရိစ္ဆာန် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားမှုရှိနေကြပြီး မိမိတို့၏ ပုဂ္ဂလိကပိုင် မြေကွက်များအပေါ်တွင် စီးပွားဖြစ် စမ်းသပ်မွေးမြူလိုသောဆန္ဒများရှိကြသည်။သို့ဖြစ်ပါ၍မွေးမြူရေးဝန်ကြီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ ဝမ်းစာဖူလုံမှုနှင့် အလုပ်အကိုင် ရှားပါးမှုပြဿနာများကို ကူညီဖြေရှင်းပေးနိုင်သည်။

### (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ မျှစ်စို၊ မျှစ်ချဉ်၊ သွယ်ယူပို့ဆောင်ရေး၊ ဈေးရောင်း၊ လက်သမား/ ပန်းရံလုပ်ငန်း(အနည်းငယ်)၊ နေ့စားလုပ်ငန်းတို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားကို လိုက်လုပ်ကိုင်ကြ ရသည်။လက်လုပ်လက်စားမိသားစုများမှာ ရာသီဥတုအခြေအနေနှင့်ပေါ်တွင်မူတည်ပြီး အချိန်ကာလ အလျောက် လုပ်ငန်း အမျိုးအစားကို ပြောင်းလဲလုပ်ကိုင်ကြသည်။ စိုက်ပျိုး

ရေးရာသီချိန်တွင် ပုဂ္ဂလိက စိုက်ခင်းများမှ လက်လုပ်လက်စားများအား ဈေးပြိုင်ပေးလုပ်သားခေါ်ယူမှုကြောင့် ခြံစိုက်တောင်သူ များအဖို့ လုပ်သား ငှားရမ်းခကြီးမားခြင်း၊ လုပ်သားရှားပါးခြင်းများရှိသော်လည်း လက်လုပ်လက်စား များအတွက် အဆင်ပြေကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်း ကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ (၆၈.၅%) ရှိပြီး ကျေးရွာအတွက် အရင်းအမြစ် အသင့်အတင့် ကောင်းသည်ဟု ဆိုနိုင်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ အလှပြင်၊ မုန့်လုပ်နှင့် ချက်ပြုတ်နည်း သင်တန်းစသည့် အိမ်တွင်းမှုသင်တန်းများ၊ ကားမောင်းသင်တန်းများ၊ မော်တော်ဆိုင်ကယ်ပြင်၊ ကားပြင်၊ ဝပ်ရှော့ ကဲ့သို့သော စက်ပြင်သင်တန်းများ၊ ကွန်ပြူတာသင်တန်း၊ ကွန်ပြူတာနှင့် မိုဘိုင်ဖုန်းပြုပြင်ရေး သင်တန်းများ၊ ဒိုင်နမို၊ မော်တာစသော အီလက်ထရောနစ်ဆိုင်ရာပစ္စည်းများ ပြုပြင်ရေးသင်တန်းများ လက်သမား၊ ပန်းရံစသော ဆောက်လုပ်ရေးသင်တန်းများ ဝန်ဆောင်မှုရှိ သော်လည်း အချိန်ပေးနိုင်မှု အားနည်းခြင်း၊ စားဝတ်နေရေးအခြေအနေကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိချေ။ ကျေးရွာတွင်း အခကြေးငွေဖြင့် ဖွင့်လှစ်သင်ကြားသော အပ်ချုပ် သင်တန်းအချို့ရှိပြီး အားနည်းငယ် တက်ရောက်သင်ကြားကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေသြဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာ နိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြား သည်။ ကျေးရွာတွင် ချောင်းမြောင်းမရှိဘဲ စိမ့်စမ်းရေကိုသာ သုံးစွဲကြပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၃၁၀၀) ပေအထက်တွင် တည်ရှိပြီး မြစ်နှင့်ဝေးခြင်း၊ မြို့နယ်အတွင်းအမြင့်ပိုင်းတစ်နေရာတွင် တည်ရှိ ခြင်းတို့ကြောင့် တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်းတွင်ပိုင်းဖြစ်ခြင်းတို့ကြောင့် မုန်တိုင်း အန္တရာယ် နည်းပါးသည်။ ထိခိုက်မှုနည်းပါးသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် အစိုးရစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်ဧကေ တစ်သိန်းခွဲဖြင့် (၁၀) ဧကအတွက် ချေးယူနိုင်သည်။ အစိုးရစိုက်ပျိုးရေးဘဏ်၏ အတိုးနှုန်းမှာ (၇.၈)%ဖြစ်သည်။ ကျေးရွာတွင် ပြင်ပမှလာရောက်ဖွဲ့စည်းပေးသော ပုဂ္ဂလိက ငွေစုငွေချေးများမရှိ ပါ။ ရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေးအတွက် အဓိ ကချေးယူကြပြီး ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးခွဲကြေး/ခွဲတန်းများအတွက်လည်း အသုံးပြုရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ၆၀'၊ ၂၀'၊ ၁၄' အရွယ်အစားရှိသော သွပ်မိုး၊ ပျဉ်းခင်း၊ ပျဉ်းထောင် KG ကျောင်း ဆောင်၊ ၉၀'၊ ၂၀'၊ ၁၄'အရွယ်အစားရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ကွန်ကရစ်ခင်း၊ အုတ်နံရံ ကာ နှစ်ထပ်မူလ တန်းကျောင်းဆောင်များရှိပြီး KGတန်းတွင် (၆၈)ဦး မူလတန်းတွင် (၁၀၀) ဦး၊ စုစုပေါင်းကျောင်းသားကျောင်းသူ(၇၀၉)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။ အထက်တန်း ကျောင်းသူကျောင်းသားများသည် ကျောက်ြသဒ်၊ ကျပ်ပြင်နှင့် မိုးကုတ်မြို့ တွင်သွားရောက်ပညာ သင်ကြားနေကြရသည်။ (ကျေးရွာ၏ ကျောင်းသားဦးရေနှင့် ပညာပြီး မြောက်မှု အခန်းကဏ္ဍ ကို အခန်း၃(င)တွင် အသေးစိတ် ဖော်ပြထားသည်) ကျေးရွာရှိမူ လကျောင်းသည် Hall type ဖြစ်ပြီး အခန်းကာရံထားခြင်း မရှိ သောကြောင့် အခန်း (Partition) ကာရံပေးရန် လိုအပ်လျက်ရှိသည်။

ကျေးရွာတွင် စာသင်ကျောင်းဆောင် လိုအပ်လျက်ရှိပြီး ဆရာ/မများနေထိုင်သော ဝန် ထမ်း အိမ်ယာမှာလည်း လုံလောက်မှုမရှိသောကြောင့် ဆရာ/မအချို့ မိမိတို့နေထိုင်ရာ ကျေး ရွာ/ ရပ်ကွက် များမှ နေ့စဉ်လာရောက် ပညာသင်ပေးကြရသည်။ ကျောင်းသုံးပရိဘောဂများ လည်း လိုအပ်မှု ရှိသည်။ မူလတန်ကျောင်းတွင် ဆရာ/မ(၇)ဦး၊ အထွေထွေလုပ်သား (၁) ဦးရှိသည်။ လက်ရှိဆရာ၊ ကျောင်းသားအချိုးမှာ၁:၄ဖြစ်သောကြောင့်ကျေးရွာတွင် ကျောင်း ဆရာ/မ အင်အားလုံလောက်မှု ရှိသည်။ ကျောင်းတွင် ပုံမှန်အဟာရတိုက်ကျွေးမှုအား ရပ်မိရ ပ်ဖနှင့် မိဘဆရာအသင်းမှ ပြုလုပ် ပေးသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း နှင့် ဆရာမလိုအပ်လျက်ရှိသည်။ ကျေးရွာ ၏ ကျန်းမာရေးဝန်ဆောင်မှု အားနည်းလျက်ရှိသည်။

ရေတွင်း၊ လက်နှိပ်တုံကင်၊ စက်တပ်ရေတွင်း (မော်တာတပ်) များအသုံးပြုမှုမရှိဘဲ သ ဘာဝ စိမ့်စမ်းရေကို သွယ်ယူအသုံးပြုကြသည်။ တစ်ရွာလုံး ယင်လုံအိမ်သာအသုံးပြုကြပြီး ယင်ကြောင့် ဆက်စပ်ဖြစ်တတ်သော ရောဂါများဖြစ်ပွားမှု နည်းပါးသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအပန်းဖြေအနားယူနိုင်သည့် နေရာများမရှိပါ။ လူမှုရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်မှု ရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊ စနစ်တကျပျိုးထောင်မှုလိုအပ် နေခြင်း၊ လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများလက်လှမ်းမမီခြင်း၊ ကိုယ်တိုင်ဦးဆောင်မှုအပိုင်း တွင် မပါဝင်နိုင်ခြင်း၊ ကြောက်ရွံ့အားငယ်တတ်ခြင်း၊ တာဝန်ယူမှုအားနည်းခြင်း၊ မဖွင့်လင်းခြင်း တို့ကြောင့် လူငယ်၏အခန်းကဏ္ဍသည် မှေးမှိန်လျက်ရှိသည်။ လူငယ်ဦးဆောင်ပြုလုပ်သော ရိုးရာပွဲ များမရှိသလောက်ပင်။ ကျေးရွာတွင် အစဉ်အဆက်က လုပ်ဆောင်ထိန်းသိမ်းလာခဲ့ကြသော အချို့ ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ပျောက်ကွယ်လုဖြစ်နေသည်။

လူငယ်များ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေး၌ အထိုက်အလျောက်သာ ပါဝင်မှု ရှိသည်။ ကိုယ်တိုင်ဦးဆောင်ပါဝင်မှုမရှိဘဲ မိမိကိုယ်ကိုယုံကြည်မှုအားနည်းသည်။ ကျေးရွာတွင်းရှိ ရှမ်းတိုင်းရင်း သားများသည် ရိုးရာယဉ်ကျေးမှုအကနှင့် စာပေကိုသင်ယူဆည်းပူးလိုကြသည်။ ကာလ အတန် ကြာကြာ တိမ်မြုပ်ပျောက်ကွယ်ခဲ့သော တိုင်းရင်းသားရိုးရာ ဘာသာစကားနှင့်စာပေကို ပြန်လည် တိုးတက်ပြန့်ပွားလာနိုင်စေရန် လူငယ်များမှပါဝင်ကြိုးပမ်းလျက်ရှိသည်။ ရှမ်းစာပေနှင့် ဘာသာစကား ကို ကျေးရွာလူငယ်များကိုယ်တိုင်ပါဝင်သင်ကြားမှု ၊ပြန်လည်ပို့ချမှုများအလိုရှိ ကြသည်။

ကျေးရွာအတွင်း လူကြီးလူငယ်မူဝါဒအားပြိုင်မှု၊ ကျားမခွဲခြားမှုများ မရှိခြင်း၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူငယ်များ စိတ်ဝင်စားမှုရှိကြပြီး၊ လူမှုရေးနှင့် ဘာသာရေး တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည်။

ကျေးရွာတွင် စာကြည့်တိုက်မရှိ၍ ကျေးရွာလူငယ်များ စာဖတ်သောအလေ့အထ အားနည်း သည်။ ဖုန်း၊အင်တာနက်နှင့် လူမှုကွန်ယက်ကို အသုံးပြုမှုများသည်။ စက်ရုံအလုပ်ရုံမရှိခြင်း၊ အခြေခံ ပညာအားနည်းခြင်း၊ ကျေးရွာ၏အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှုအားနည်းခြင်း၊ကျွမ်းကျင် ပညာရပ်များတတ်မြောက်မှု မရှိခြင်းတို့ကြောင့် လူငယ်လူတန်စားအုပ်စုအတွင်း အလုပ်အကိုင် အခွင့် အလမ်းရှားပါးမှုပမာဏကြီးမားသည်။

ကျေးရွာလူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု မရှိ။ ကျေးရွာ၏ လူငယ်လူရွယ်များ၏ ခံယူချက်၊ ရပ်တည်ချက်များ၊ အခြေခံပညာနှင့်ကျွမ်းကျင်ပညာရပ်များ၊ အလုပ်အကိုင်အခွင့် အလမ်း များနှင့် အကျင့်စာရိတ္တများ ပိုမိုကောင်းမွန်လာစေရန် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင် ထိန်းသိမ်း ပေးရန် အထူးလိုအပ်လျက်ရှိသည်။ လူငယ်များအသိပညာဖွံ့ဖြိုးရေး၊ စွမ်းဆောင်မှုစွမ်းရည်မြှင့်တင် ပေးရေးအတွက် လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများ အခါအားလျော်စွာဖွင့်လှစ်ပေးခြင်း အသိ ပညာပေးဟောပြောပွဲများ နှစ်စဉ်ပြုလုပ်ပေးရန်လိုအပ်သည်။ လူငယ်များအတွင်း စာဖတ်တတ်သော အလေ့အထ ထွန်းကားလာစေရန်နှင့် စာပေ

ချစ်မြတ်နိုးတတ်သော အကျင့်ကောင်းများ ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ဝန်ကြီးဌာနများမှ အထောက်အပံ့ကောင်းများ ၊ ဝန်ဆောင်မှုများ လိုအပ်နေ ပသည်။ အလုပ်အကိုင်သင်တန်းများ (အခမဲ့) ဝန်ဆောင်မှုပေးခြင်းဖြင့် လူငယ်များနှင့်အမျိုးသမီးများ ကျေးရွာ၏ အနာဂတ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်သည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် မန္တလေး-မိုးကုတ် လမ်းမကြီးပေါ်တည်ရှိပြီး မြို့နယ်အတွင်း အခြားကျေးရွာ/ ရပ်ကွက်များသို့ ကား၊ ဆိုင်ကယ်တို့ဖြင့် အလွယ်တကူဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာတွင်းရှိ လမ်းများမှာ ကတ္တရာလမ်း နှင့် မြေသားလမ်းများဖြစ်ကြပြီး ရွာတွင်းလမ်းအရှည် စုစုပေါင်း(၁)မိုင် ခန့် ရှည်လျားသည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာရ လွယ်ကူပြီး မိုးအခါ၌ ရွှံ့ညွန်၊ ဖွက်တန်များ ပေါများပြီး သွားလာရခက်ခဲသည်။ အခြားဒေသများနှင့် ကုန်သွယ်ရေး အတွက် ရေကြောင်းလမ်း၊ မီးရထားလမ်း မရှိသောကြောင့် ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ်များကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ကား(လိုက်ထရပ်၊ အိမ်စီး၊ လေးလုံးထိုးအင်ဂျင်တပ် ကုန်တင်ယာဉ်) (၆) စီး၊ ဆိုင်ကယ်(၂၃၃) စီးနှင့် စက်ဘီး(၁၁) စီးကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် ၂၀၁၇ ခုနှစ်စပိုင်း (၁၂-၁-၂၀၁၇) ရက်နေ့တွင် ကျေးရွာသို့ မဟာဓာတ်အားလိုင်း နှင့် ထရန်စဖော်မာရရှိရန် စီမံကိန်းရှိကြောင်း သိရှိရပြီး ကျေးရွာလျှပ်စစ်မီးရရှိရေးကော်မတီကိုဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ (၁၇-၉-၂၀၁၇) ရက်နေ့တွင် ရွာတွင်းမီးကြိုးပတ်လမ်းပြီးစီးခဲ့ပြီး၊ အိမ်များသို့ကြိုး သွယ်တန်းခြင်းမှာ (၆-၁၂-၂၀၁၇) ရက်နေ့တွင် (၅၀%) ပြီးစီးခဲ့သည်။ ကျေးရွာမီးလင်းရေးကော်မတီမှ ဦးဆောင်၍ ကျေးရွာတွင်းပတ်လမ်းကြိုးသွယ်တန်းခြင်း၊ မီတာလျှောက်ခြင်းလုပ်ငန်းများ ကိုယ်ထူ ကိုယ်ထ ဆောင်ရွက်ခဲ့သည်။ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ 66KVA ကြိုးများ လဲလှယ်ပြီးစီးက လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။

ကျေးရွာတွင် စာကြည့်တိုက်မရှိခြင်း၊ စာဖတ်သောအလေ့အထ မရှိခြင်း၊ မြို့နှင့် (၁၈) မိုင်ကွာ ဝေးပြီး ကျေးရွာတွင် စာပေတိုက်၊ အရောင်းကိုယ် စားလှယ်လည်းမရှိပါ။ ထို့ကြောင့် ကျေးရွာလူထု သည် စာပေနဲ့ဝေးပြီး အသိဉာဏ်ဖွံ့ဖြိုးမှုနည်းပါးသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ခိုးမှု၊ အိမ်တွင်းအကြမ်းဖက်မှု အနည်းအကျဉ်းဖြစ်လေ့ရှိသည်။ ရပ်/ ကျေးအုပ်ချုပ် ရေးမှူးရုံး မရှိသည့်အတွက် အမှုကိစ္စအများစုကို အုပ်ချုပ်ရေးမှူးနေအိမ်တွင်သာ ဆုံးဖြတ် လေ့ရှိ သည်။ ရုံးဖုန်းမရှိပါ။ ကျေးရွာလူထုတည်ငြိမ် အေးချမ်းရေးနှင့် ဘေးက

င်းလုံခြုံမှုရှိသည်။ မြို့နယ် ရဲစခန်းများနဲ့ ချိတ်ဆက်နိုင်ခြင်းရှိပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိချေ။

**ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် အထက်တန်း (လက်ရှိကျောင်းနေ + အထက်တန်းနဲ့ကျောင်းပြီးသူ (၅၅) ဦး၊ တက္ကသိုလ်တက်ဆဲ (၂၇) ဦး၊ ဆယ်တန်းအောင်ပြီး ကျောင်းပြီးသူ (-) ဦး၊ ဘွဲ့ရ(၂၆)ဦး (ကျေးရွာအတွင်း) ရှိပြီး ကျေးရွာလူဦးရေ၏ (၆၈.၅%) မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြ သည်။ ဘွဲ့ရပညာတတ်များနှင့်လူငယ်လူရွယ်များကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အသိပညာပေး ဟောပြောပွဲများ ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် လူသားအရင်းအမြစ်များတိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

စီမံအုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်လာစေရေး ကျေးရွာတွင်ဖွံ့ဖြိုးရေးအတွက် အမြင်ရှိသော လူငယ်ပညာတတ်များရှိပြီး အကျင့်စာရိတ္တ၊ ပညာအရည်အချင်း၊ ပွင့်လင်းမြင်သာမှုနှင့် သမာသမတ် ကျမှုတို့ကို အခြေခံ၍ ကျေးရွာလူထုကိုတိုင် ရွေးချယ်သောစနစ်ကို ကျင့်သုံးခြင်းဖြင့် ကျေးရွာက သဘောကျသော ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအားနည်းနေသော အခြား ကဏ္ဍများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်။

ကျေးရွာတွင် မြေလွတ်၊ မြေလတ်၊ မြေရိုင်းများရှိသည်။ စိုက်ပျိုးရန် ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်သောကြောင့် ကျေးရွာမှ အသီးအနှံအဓိကထွက်ရှိသည်။ ကျေးရွာအနီးတဝိုက်တွင် ပတ္တမြား၊ နီလာ၊ စလင်းထွက်ပြီး တနိုင်တပိုင်လုပ်ကိုင်နိုင်သည်။ ကျေးရွာနှင့် ကျောက်တွင်းများမှ စွန့်ပစ်သော ကျောက်(ဂဝံ) အနည်းငယ်ရှိပြီး ကျေးရွာအတွင်းလိုအပ်သော လမ်း၊ တံတား၊ ကျောင်းနှင့် အခြားလူမှု အဆောက်အဦများအတွက် အသုံးပြုရန်လွယ်ကူသည်။ စာသင်ကျောင်းဝင်းမှာ ကျဉ်းပြီး မြေနေရာ အလွတ်များမရှိသည့်အတွက် ဆရာ/မများ နေရန် ဝန်ထမ်းဆောင်များ ဆောက်လုပ်ရန် လိုအပ်သည်။ ကျေးရွာတွင်တောင်သူများအတွက်အစိုးရစိုက်ပျိုးရေးဘဏ်မှစိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ် ထုတ်ချေးပေးသည်။ ဒေသတွင်းချေးငွေလုပ်ငန်းများမှလည်း ငွေထုတ်ချေးနိုင်သည်။ တောတောင် များမှ ထင်း၊ မီးသွေး၊ သစ်များထုတ်ယူနိုင်ပြီး အချို့စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင် ကြသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိခြင်းသည် ကျေးရွာသူရွာသားများ၏ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်မှုမပေးနိုင်ပါ။ကျေးရွာတွင်တက်ကြွသောအမျိုးသမီးရေးရာ အဖွဲ့အစည်းများ နှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့အစည်းများရှိပြီး ယင်းအမျိုးသမီးများအား စွမ်း ဆောင်ရည်မြှင့်သင်တန်းများ၊ ရေးရာသင်တန်းများ၊ ကျွမ်းကျင်မှုနှင့် သက်မွေးသင်တန်းများ ဖွင့်လှစ် ပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကျေးရွာ၏အမျိုးသမီးကဏ္ဍပြန်လည်ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လည်း သွင်းအားစုများ လက်လှမ်းမီမှု အားနည်းသည်။ ခြံစိုက်ဧက (၃၅၉) ဧကအနက် ပုံစံ(၇) မရသေးသော ခြံမြေဧက (၂၀၈.၅) ဧကကျော် ကျန်ရှိနေပြီး ယင်းခြံမြေများ လုပ်ကိုင်သည့် တောင်သူများ၏ လယ်မြေပိုင်ဆိုင်မှု နှင့် စိုက်ပျိုးစရိတ် ချေးငွေထုတ်ယူနိုင်မှုအတွက် ၄င်းတို့၏လယ်မြေကွက်များ၊ အစုအဖွဲ့ပိုင်မြေကွက် များ၏ နယ်နိမိတ်များကို အတိအကျစိစစ်ပြီး ရသင့်ရထိုက်သူများကို ပုံစံ(၇)ပြုလုပ်ပေးရန် လိုအပ် သည်။ စိုက်ပျိုးရေးဆိုင်ရာဗဟုသုတ အတွက် အသိပညာပေးဟောပြောပွဲများ လိုအပ်သည်။ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲစသည့်တို့ကို မွေးမြူကြသော်လည်း မွေးမြူရေးတိရစ္ဆာန်မျိုးများ မရှိပါ။ ကျေးရွာ တွင် တရားမဝင် သစ်ထုတ်နေကြပြီး ကျေးရွာအာဏာပိုင်များ၊ သစ်တောဦးစီးဌာနများမှ အရေးယူ ကိုင်တွယ် ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။

ကျေးရွာတွင် ရွာတွင်းလမ်းရှိမြေသားလမ်းများမှာ မိုးအခါ၌ ဗွက်၊ နွံထူထပ်ပြီး ပွင့်လင်းရာသီ တွင်သာ ကား၊ ဆိုင်ကယ်နှင့် စက်ဘီးများကောင်းစွာ သွားလာအသုံးပြုနိုင်သည်။ စာသင်ကျောင်း သည် ရွာ၏တောင်အတွင်တည်ရှိသောကြောင့် ကျောင်းနေကလေးသူငယ်များ ခက်ခဲစွာသွားလာ ကြရ သည်။ ကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်၊ ဝန်ထမ်းအိမ်ယာများလည်း လိုအပ်လျက် ရှိသည်။ ငွေကြေး၊ နည်းပညာနှင့် ခွင့်ပြုချက်များ လိုအပ်သည်။

ကျေးရွာတွင်ပုဂ္ဂလိကဘဏ်များမှ ဝန်ဆောင်မှုလုပ်ငန်းကို ရယူနိုင်ခြင်းမရှိချေ။ အစိုးရ စိုက်ပျိုး ရေးဘဏ်နှင့် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေကိုသာ အားထားကြရသည်။ အစိုးရစိုက်ပျိုးရေးဘဏ် အပါအဝင် ပြင်ပချေးငွေလုပ်ငန်းအားလုံး၌ ပုံစံ(၇)၊ အိမ်၊ ခြံ၊ မြေနှင့် အခြားပစ္စည်းများ၊ ဆွေမျိုး(သို့) အသိမိတ်ဆွေတစ်ဦးဦး၏ အာမခံဖြင့်ထုတ်ယူကြရသည်။ ကျေးရွာတွင်း ငွေစုငွေချေးလုပ်ငန်း မရှိပါ။

ကျေးရွာတွင် တက်ကြွသော အမျိုးသမီးများ၊ ဘွဲ့ရပညာတတ် အမျိုးသမီးများ အမျိုးသမီး များဆိုင်ရာ အဖွဲ့အစည်းများ၏ အသိအမှတ်မပြုခြင်း၊ တာဝန်ခွဲဝေမှုမရှိခြင်းနှင့် ပွင့်လင်းမြင်သာမှု အားနည်းခြင်းတို့ကြောင့် အမျိုးသမီးထုများမှာ မေးမှိန်လျက်ရှိသည်။ ကျေးရွာလူငယ်များ စာဖတ်ခြင်း အားနည်းသည်။ မိမိတို့တိုင်းရင်းသား အရေးတက်ကြွကြသော်လည်း အခြေခံဗဟုသုတ အားနည်း သဖြင့် လူမျိုးရေးနှင့် အမျိုးသားရေးကို မကွဲမပြားရှိသည်။ ကျေးရွာတွင်း လူငယ်များ၊ အမျိုးသမီး များသည် ဟောပြောပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ကျေးရွာလူငယ် လူရွယ်များ၊ အမျိုးသမီးများကို စွမ်းရည်မြှင့်သင်တန်းများ၊ လူ့အခွင့်အရေးသင်တန်းများ အမျိုးသမီးဆိုင်ရာ သင်တန်းများ၊ စာပေဟောပြောပွဲများ၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်သင်တန်းများ အဆက်မပြတ် ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်ရှားပါးမှု ပြဿနာကိုတဖက်တလမ်းမှကူညီ ဖြေရှင်း နိုင်ပြီး အခြားတဖက်မှလည်း လူငယ်လူရွယ်များနှင့် အမျိုးသမီးများ၏ အသိပညာ၊ ခံယူချက်၊ ရပ်တည်ချက်များနှင့် အကျင့်စာရိတ္တ ပိုမိုကောင်းမွန်လာစေ၍ ကျေးရွာ၏ လူသားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာအားဖွံ့ဖြိုး တိုးတက်ရေးအတွက် (၅)နှစ်တာကာလကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ပါမည်။

က.၁ ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်မှု ရရှိစေမည်။

က.၂ ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် လူငယ်လူရွယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေရမည်။

က.၃ ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုး တက် လာစေရမည်။

က.၄ ကျွန်ုပ်တို့ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ လူသားအရင်းအမြစ်ကောင်းများ ကို အပြည့်အဝအသုံးပြုလျက် တက်ကြွသော လူ့အသိုင်းအဝိုင်း၊ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက် သော လူမှု ဝန်းကျင်တစ်ခုကို အချိန်တိုအတွင်းဖော်ဆောင် အောင်မြင်နိုင်ရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည်။

ခ.၁ ကျေးရွာတွင် ငွေအရင်းအနှီး၊ နည်းပညာနှင့် နည်းပညာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်း ကို ဆောင်ရွက်ပြီးသွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ အရင်းအနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေရရှိပါက စိုက်ပျိုး ရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက် နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ သင်တန်းပြီး မြောက်ထားသူများမှတဆင့် ရရှိထားသော နည်းပညာများကို ပြန်လည်မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများ အသုံးကျကာထုတ်လုပ်မှုတိုးတက်စေမည်။ စီမံကိန်းနှင့်ဘဏ္ဍာဝန်ကြီး ဌာနနှင့် ချိတ်ဆက်ရန် ဒေသတွင်းချေး (ငွေစုငွေချေး)လုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ပြီး သင့်တင့်သောနှုန်းထားဖြင့် စနစ်တကျလုပ်ကိုင်နိုင်စေရန် ဆောင်ရွက်ပြီး ငွေချေးသူများ၏ အတိုးနှုန်း ပြဿနာ ကို အထိုက်အလျောက် ဖြေရှင်းနိုင်မည်။ ငွေကြေးအပ်နှံသူများနှင့် ချေးယူသူများ၏ အာမခံပစ္စည်း များ ကိုလည်း အာမခံနိုင်မည်ဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ အစိုးရစိုကပျိုးရေးဘဏ်ငွေဆပ်ချိန်၌ စိုက်ပျိုးရေးထုတ်ကုန် (ဒေသထွက်သီးနှံ) များ၏ မတန်တဆ ဈေးကျခြင်းအတွက် ကာကွယ်နိုင်ရန် စိုက်ပျိုးဘဏ်၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို ပြန်လည် စီစစ်၊ ရေးဆွဲ၊ ပြဌာန်းပေးရန်နှင့် ဒေသတွင်းဈေးကွက်များ အခိုင်အမာပေါ်ပေါက်လာစေရန် တင်ပြ ဆောင်ရွက်သွားပါမည်။

ခ.၂ မြေယာပိုင်ဆိုင်မှု၊ပိုင်ဆိုင်လိုမှု(ပုံစံ-၇)လျှောက်ထားလိုသူများ၏မြေယာသမိုင်း၊အချက်အလက် များ၊ နယ်မြေအပိုင်းအခြားများကိုတိတိကျကျ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားနိုင်ရန် မြေစာရင်းဌာနသို့ တင်ပြပြီးဆောင်ရွက်သွားပါမည်။ ကျေးရွာ၏ မြေယာကော်မတီကို ကျစ်လစ် ခိုင်မာ စွာပြန်လည်ဖွဲ့စည်းပြီး မြေယာကိစ္စရပ်များကိုလုပ်ထုံးလုပ်နည်းနှင့်အညီတိကျစွာ ကိုင်တွယ်ဆောင်ရွက် မည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ လွင်မြေ၊ အင်းမြေများကို စီစစ်၍ ကျွဲနွားစားကျက်မြေများ ဖော်ဆောင်သွားမည်။ တရားမဝင် ဂရန်အတု

များ အလွယ်တကူ ထုတ်ပေး နေခြင်းကို ဥပဒေနှင့်အညီ (ဥပဒေနှင့်အညီ)ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်။ ကျေးလက်ဒေသများတွင် မြေယာကိစ္စရပ် ရှုပ်ထွေးမှုများပြားလျက်ရှိရာ နိုင်ငံတော်အဆင့် မြေစာရင်းစီစစ်ခြင်း ဆိုင်ရာ မူဝဒါကို ချမှတ်နိုင်ရန် လွှတ်တော်သို့ တင်ပြသွားပါမည်။ ဌာနဆိုင်ရာနှင့် ဆက်စပ်လျက်ရှိသော စိုက်ပျိုးမြေများကို ပိုင်ဆိုင်မှု ဖော်ပြနိုင်ရန်အတွက် ဌာနဆိုင်ရာ သို့မဟုတ် အစုအဖွဲ့ပိုင်မြေများ၏ သတ်မှတ်ဧရိယာ အကျယ်အဝန်း နှင့် နယ်နိမိတ်အပိုင်းအခြားကို သတ်သတ်မှတ်မှတ်ဖော်ပြပေးရန် တိုက်တွန်းခြင်းအဆိုကို လွှတ်တော် သို့ တင်ပြသွားမည်။ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာတွင် လက်ရှိသုံးစွဲနေသော ရေပေးရေးစနစ်အား အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်။ သီးနှံအထွက်တိုးရေးအတွက် စိုက်ပျိုးရေး ဌာနမှ နည်းပညာနှင့် ဝန်ဆောင်မှုများကို တင်ပြတောင်းခံပြီး စိုက်ပျိုးရေးသွင်းအားစုများ၊ စက် ကိရိယာများ အရစ်ကျဝယ်ယူ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက် သွားမည်။

ခ.၃ ကျေးရွာတွင် အမျိုးသမီးများနှင့် လူငယ်များကို ကျေးလက်ဌာနနှင့် ချိတ်ဆက်၍ အမျိုးသမီး စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ လူ့အခွင့်အရေးသင်တန်းများ၊ အမျိုး သမီးအိမ်တွင်းမှုသင်တန်းများနှင့် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချ သင်ကြား နိုင်ရန်ဆောင်ရွက်ပြီး အမျိုးသမီးနှင့် လူငယ်လူရွယ်အုပ်စုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင် သွားပါ မည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ စာ ပဗိမာန်ဆုရ စာရေးဆရာ/မကြီးများ၏ စာပေ ဟောပြောပွဲများကို ကျေးရွာအတွင်း နှစ်စဉ်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ လူငယ် လူရွယ်များအကြား စာဖတ်သော အလေ့အကျင့် ဖြစ်ထွန်းလာအောင် ဆောင်ရွက်မည်။ ကျန်းမာရေး ဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှုများ၊ လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများအလွယ်တကူရရှိအောင်ဆောင်ရွက်မည်။ ကျေးရွာမှ ဘွဲ့ရလူငယ် လူရွယ်များ၊ ဆေးဝါး ကျွမ်းကျင်သင်တန်းဆင်းများအား ကျေးရွာ၏တထောင့်တနေရာမှ ကျန်းမာရေးဝန်ဆောင် မှုပြုနိုင်ရန် သင်တန်းများတက်ရောက်နိုင်ရန် တင်ပြသွားပါမည်။ကဏ္ဍပေါင်းစုံမှလူငယ်လူရွယ်များနှင့် အမျိုးသမီး များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ခေါင်းဆောင်မှုသင်တန်းများတက်ရောက်စေခြင်း၊ စာရင်းအင်း သင်တန်းများတက်ရောက်စေခြင်း၊ စာပေဟောပြောပွဲများပြုလုပ်ခြင်း၊ စာဖတ်တတ်သော အလေ့အထ ထွန်းကားစေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားလာအောင်ဆောင်ရွက်မည်။ ကျေးရွာ အခြေပြုအားလုံးပါဝင်သောစုပေါင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းကိုအခြေခံပြီး လူသားအရင်းအမြစ် ကောင်းများကို အပြည့်အဝအသုံးပြုခြင်းဖြင့် ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်သော အုပ်ချုပ်မှု စနစ် တစ်ခုကို ထူထောင်သွားမည်။ ကျေးရွာတွင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနနှင့် ချိတ်ဆက်၍ မူးယစ် ဆေးဝါး

နှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများ၏အကျိုးအပြစ်များနှင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအား လူငယ်များအကြား အသိပညာပေးလုပ်ငန်း ဆောင်ရွက်မည်။ နိုင်ငံတော် အဆင့်မှ မူဝါဒများချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လွှတ်တော်သို့ တင်ပြမည်။ အားကစားနှင့် ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကို ဆွေးနွေးသွားမည်။ အား/ကာဌာနနှင့် ချိတ်ဆက်၍ လိုအပ်သောနည်းပညာ၊ အားကစားပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဆွေးနွေး ဆောင်ရွက်သွားမည်။ ရက်တို/ရက်ရှည်သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွားမည်။

ခ.၄ တစ်ရွာလုံးမဟာဓာတ်အားလိုင်း သုံးစွဲနိုင်ရေးအတွက် ကျေးရွာမီးကော်မတီဖွဲ့စည်းထားရှိပြီး တရွာလုံးမီးလင်းရေးအတွက် ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။ ဓာတ်အားလိုင်း တပ်ဆင်ခြင်း၊ထိန်းသိမ်းခြင်းဆောင်ရွက်ရန်အတွက် ကျေးရွာလူငယ်များကိုသင်တန်းပေးခြင်း၊ခန့်အပ် ခြင်းများလုပ်ဆောင်ရန် လျှပ်စစ်ဌာနသို့တင်ပြမည်။ ကျေးရွာတွင် လိုအပ်နေသော ကျောင်း ဆရာ/ ဆရာမ များ ဝန်ထမ်းနေအိမ်များအတွက် တင်ပြပြီး နည်းပညာ၊ ငွေကြေး၊ စက်ကိရိယာ၊ ယန္တရားနှင့် အခြားအထောက်အပံ့များအတွက် ကျေးလက်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။ ကျောင်း အကျိုးဆောင် အဖွဲ့-ဖွဲ့စည်းရန် ဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာအာဏာပိုင်များနှင့် ရွာလူထုတို့ ဆွေးနွေး ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အကြံပြုမှုဖြင့်နိုင်ငံတော်မှတဆင့် မှသည် ဒေသဆိုင်ရာ အဆင့်တို့မှ တဆင့်မိမိတို့ကျေးရွာ အဆင့်အထိ ပံ့ပိုးမှုပေးနိုင်သည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ

ကိုယ်တိုင် အားထုတ် လုပ်ကိုင် ရရှိမှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက် များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် ခြံစိုက်ပျိုးရေးကို အဓိကစိုက်ပျိုးကြသည်။ အချို့တောင်သူများသည် စိုက်ပျိုးရေး အတွက် အချိန်၊ ငွေ၊ လုပ်အား အရင်းအနှီးများ စိုက်ထုတ်ရသော်လည်း မြေဆီမြေသြဇာ အသင့်အတင့် ဖြစ်သောကြောင့်ဓာတ်မြေသြဇာအများအပြားထည့်ကျွေးပေးရသည်။ ဒေသတစ်ခုအတွင်းသာ ဖြစ်သော် လည်းမြေအမျိုးအစား ကွာဟများပြားသည်။ ဓာတ်မြေသြဇာအမျိုးအစားများစွာ ရှိသော်လည်း အချို့ အမျိုးအစားများသာ ကိုက်ညီမှုရှိပြီး အများစုမှာ အကျိုးဖြစ်ထွန်းမှု နည်းသောကြောင့် ကျေးရွာအတွင်း မြေဆီလွှာ အမျိုးအစားများ ရေအမျိုးအစားများကို စမ်းသပ်သင့်တော်သည့် ဓာတ်မြေသြဇာဖြည့်သွင်း နိုင်ရန် နည်းပညာများ လိုအပ်လျက်ရှိသည်။ တောင်သူများ၏စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှု များအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။

ကျေးရွာတွင်ဒေသမျိုးစိတ်ကျွဲ၊နွား၊ ဝက်များတနိုင်တပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူလိုသူ များနှင့်ကိုယ်တိုင် စမ်းသပ်မွေးမြူလိုသူများအတွက် ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများလိုအပ် လျက်ရှိသည်။ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအပြင် တွက်ခြေကိုက်သော မွေးမြူရေးလုပ်ငန်းများတိုး တက်လာရန်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်နှင့် ဝင်ငွေရလမ်း တိုးလာပေမည်။ သို့ပါ၍ ကျေးရွာ၏မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန် မွေးမြူရေးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါ သည်။

## (ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် လျှပ်စစ်မီး ရရှိတော့မည် ဖြစ်သဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး လာနိုင်မည့် အလားအလာကောင်းများရှိပြီး လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းကောင်း များ အမြတ်အစွန်းများရှိနိုင် သည်။ ကွန်ပျူတာသင်တန်း၊ ဖုန်းပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ လက်သမားသင်တန်း၊ ပန်းရံသင်တန်း၊ စက်ချုပ်သင်တန်း၊ ဓာထိုးပန်းထိုးသင်တန်းနှင့် အခြား အိမ်တွင်းမှုသင်တန်းများစသည့် သက်မွေးဝမ်းကျောင်းသင်

တန်းများနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းများ လက်လှမ်းမီမှု အားနည်းသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ရေ၊ မြေတောတောင်မှ ထွက်သော ထုတ်ကုန်များကိုသာ အားထားနေရကြောင့် ရေရှည်တွင် ကျေးရွာ၏သဟဲဇာတများ ကုန်ခမ်းဖွယ် အကြောင်းရှိနေသည်။ ကျေးရွာ၏ဈေးကွက်၊ နည်းပညာနှင့် သင်တန်းအချက်အလက်များ လက်လှမ်း မီမှု အားနည်းလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာ၏ လက်ရှိလုပ်ငန်းများအား အသက် မွေးဝမ်းကျောင်း ပညာရပ်များနှင့် စက်မှုလက်မှုလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်ပေးရန် လိုအပ် သည်။

## (ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း

လယ်စိုက်တောင်သူတိုင်း စိုက်ဘဏ်ထုတ်ယူနိုင်ရေး၊ အစိုးရဝန်ဆောင်မှုရရှိနိုင်ရေးကို အခြေ ခံ၍ အစိုးရစိုက်ဘဏ်ချေးငွေ၏ မူဝါဒများကို ခေတ်စနစ်နှင့် လျော်ညီစွာပြန်လည်စီစစ်ရေးဆွဲ၊ ပြဋ္ဌာန်း သင့်သည်။ စိုက်ပျိုးဘဏ်၏ဝန်ဆောင်မှုမှာ ကျဉ်းမြောင်းပြီး ဒေသတွင်းချေးငွေ လုပ်ငန်းများကိုလည်း အများစု လိုအပ်အားထားကြရသည်။ ဒေသတွင်းချေးငွေလုပ်ငန်းများတွင် အဆင်ပြေမှုရှိသော်လည်း စနစ်၏ အားနည်းချက်များရှိသည်။ ကျေးရွာတွင် ငွေရေးကြေးရေးအရ ပုဂ္ဂလိကဘဏ်၊ ပြင်ပချေးငွေ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်လှမ်းမီမှုမရှိပါ။ စီမံကိန်းနှင့်ဘဏ္ဍာဝန်ကြီးဌာနအနေဖြင့် စိုက်ဘဏ် မူဝါဒပြန်လည် စီစစ်ပြဋ္ဌာန်းခြင်း၊ ဒေသတွင်းငွေစုငွေချေးလုပ်ငန်းများ၏ စနစ်များကို နည်းဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ထိန်းညှိခြင်းနှင့် ပုဂ္ဂလိကဘဏ်နှင့် ပြင်ပဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး ကဏ္ဍ၌ ရင်းနှီးမြုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သင့်ပါသည်။

## (င) အခြေခံအဆောက်အဦများ

ကျေးရွာသည် အိမ်ထောင်စုနှင့်လူဦးရေတိုးများလာသော်လည်းကျေးရွာ၏အခြေခံ အဆောက် အဦးများ လိုအပ်ချက်ရှိနေသေးသည်။ ရွာတွင်း လမ်း၊ ဆရာ/မနေအိမ်၊ ကျန်းမာရေးဆေး ပေးခန်း မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အဦများ ဖြစ်ကြသည်။ ယင်းအခြေခံ အဆောက်အဦများက စီမံကိန်းတွင် ပါဝင်ရေးဆွဲထားသည်။ ကျေးရွာ၏အစဉ်အလာအရ ကျေးရွာ၏အခြေခံ အဆောက် အဦများ နှင့် လူမှုစီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ လည်း စီမံကိန်းတွင်ပါဝင်သောအခြေခံအဆောက်အဦများတွင် ရင်းနှီးမြုပ်နှံပြီး ကျေးရွာ၏ ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေး အတွက်ဆောင်ရွက်သင့်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်စေနိုင်မည့် ထုတ်ဖော်ချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်(၅) နှစ်တာ ကာလအတွင်း ချမှတ်ထားသော ပန်တိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုမှ (၅) နှစ်တာကာလအတွက် ဝိုင်းဝန်းပါဝင်ပြီး ဦးစားပေးဖော်ထုတ်ခဲ့ကြသော စီမံချက်များသည် အစစအရာရာ ပြီးပြည့်စုံသည့် စီမံချက်များဟု မဆိုနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် (၂) နှစ်၊ (၃) နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလ တလျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့်(၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ မပေါ်ပေါက်လာပါက ပြောင်းလဲမှုအများအစား မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ် တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုအတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြင်း

စီမံကိန်းများ၊ စီမံချက်များနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို စီစစ်စိပ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စု သတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကို အကဲ ဖြတ်ရာတွင် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ပြထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Economic Classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်း
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်ပါသည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လို အပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ**

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲ ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးအတွက် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များ

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံချက် | ရမှတ်<br>ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်း<br>ဖော်ပြချက် | မှတ်<br>ချက် |
|---|---|---|---|---|---|
| အိမ်တိုင်ရာရောက်ရေပေးရေး စနစ်<br>ဆောင်ရွက်နိုင်ရေး | ၁။သောက်သုံးရေနှင့်သန့်ရှင်း<br>ရေး ဖွံ့ဖြိုးမှုစီမံချက် | ၄၂ | ၁ | - ပိုက်ပျော့ဖြင့်သွယ်တန်းထားသဖြင့်ရေလေလွင့်မှုရှိခြင်း<br>- ရေသွယ်ယူရန် ရေအရင်းအမြစ် လုံလောက်စွာရှိခြင်း | ကျေး<br>လ<br>က်<br>ဦးစီး |
| ကျေးရွာရုံး ဆောက်လုပ်နိုင်ရေး | ၂။ ဖွံ့ဖြိုးရေးစီမံချက် | ၄၀ | ၂ | - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြခြင်း | ကျေး<br>လ<br>က်<br>ဦးစီး |
| ကျေးရွာတွင်းလမ်း ကတ္တရာ ၁၀၀<br>၀'×၁၀'ခင်းနိုင်ရန်၊ မူလရှိပြီး က<br>တ္တရာ ၂၄၀၀' အားတစ်ဖက်လျှင် ၂'<br>စီ ၄' တိုးချဲ့ရန် | ၃။လမ်းတံတားဖွံ့ဖြိုးမှုစီမံချက် | ၃၈ | ၃ | - မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ချိတ်ဆက်<br>ဆောင်ရွက်ခြင်း<br>-အလှူရှင်၊ လွှတ်တော်ရန်ပုံငွေတင်ပြတောင်းခံနိုင်ရေး<br>ဆောင်ရွက်ခြင်း | ကျေး<br>လ<br>က်<br>ဦးစီး |
| ဆေးပေးခန်းဆောက်လုပ်နိုင်ရေး၊<br>လူမှုကူညီရေးယာဉ်ရရှိနိုင်ရေး | ၄။ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် | ၃၆ | ၄ | - မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ညှိနှိုင်းဆွေးနွေးခြင်း<br>-အလှူရှင်ရှာဖွေရန်၊ လူမှုကူညီရေးအဖွဲ့များဖြင့်ချိတ်ဆက်ရန် | ကျေး<br>လ<br>က် |

| | | | | | |
|---|---|---|---|---|---|
| | | | | | ဦးစီး |
| အားကစားကွင်းရရှိရေး/ရှမ်းရိုး ရာ အကသင်ကြားနိုင်ရေး/စာကြည့် တို က်ဆောက်လုပ်နိုင်ရေး | ၅။လူငယ်ဖွံ့ဖြိုးရေးစီမံချက် | ၃၄ | ၅ | -မြို့နယ်အား/ကာဦးစီးဌာနနှင့်ဆက်သွယ်ဆွေးနွေးခြင်း<br>-ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့နှင့်ချိတ်ဆက်ပေးခြင်း<br>- မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း | ကျေး လ က် ဦးစီး |
| စာသင်ကျောင်းနှင့် ဆရာ/ဆရာမ အဆောင်၊ မူလတန်း မှအလယ်တန်း အဆင့်တိုးမြှင့်နိုင်ရေး | ၆။ပညာရေးဖွံ့ဖြိုးမှုစီမံချက် | ၃၂ | ၆ | -မြို့နယ်ပညာရေးဌာနသို့တင်ပြဆောင်ရွက်ခြင်း<br>-မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြခြင်း | ကျေး လ က် ဦးစီး |
| **ကဏ္ဍ/ အကြောင်းအရာ** | **စီမံချက်** | **ရမှတ် ပေါင်း** | **အဆင့်** | **စီမံချက်အကြောင်းရှင်းလင်း ဖော်ပြချက်** | **မှတ် ချက်** |
| လီဆူအများစုနေထိုင်သော အပို င်း မြေတွန်းမှုဖြစ်ပေါ်ခြင်း | ၇။ သဘာဝဘေးလျော့ချရေး စီမံချက် | ၃၁ | ၇ | -အပေါ်ယံမြေလွှာဖယ်ရှားပြုပြင်ဆောင်ရွက်ခြင်း<br>-နားလည်ကျွမ်းကျင်သောပညာရှင်(ဘူမိဗေဒ)အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့တင်ပြဆောင်ရွက်ခြင်း | ကျေး လ က် ဦးစီး |
| မွေးမြူရေး ကာကွယ်ဆေး အရင်း | ၈။ မွေးမြူရေးဖွံ့ဖြိုးမှုစီမံချက် | ၃၀ | ၈ | -မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ကျေး |

| | | | | | |
|---|---|---|---|---|---|
| အနီးနှင့် နည်းပညာ လိုအပ်ခြင်း၊တ ပိုင်တနိုင်ကြက်၊ ဆိတ်မွေးမြူနိုင်ရေး | | | | -မွေးမြူရေး၊ ကုသရေးနှင့် ရောဂါဘယအကြောင်း စိတ်ဝင်စား မှုတိုး များလာစေရန်ဆောင်ရွက်ခြင်း<br>-ပညာပေးအစီအစဉ်များ၊ သင်တန်းများနှင့် ငွေကြေးနှင့်အခြား ဝန် ဆောင်မှုများပေးခြင်း | လ ကျ် ဦးစီး |
| စိုက်ပျိုးရေး<br>စိုက်ပျိုးမြေပိုင်ဆိုင်မှု(ပုံစံ-၇) | ၉။ စိုက်ပျိုးမြေဖွံ့ဖြိုးရေးစီမံချ က် | ၂၈ | ၉ | -မြေစာရင်းဌာန<br>-ကျေးရွာမြေယာကော်မတီ ကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းခြင်း<br>-ဌာနဆိုင်ရာနှင့်ဆက်စပ်မြေများကို နယ်နိမိတ်အပိုင်းအခြားတိကျစွာ သတ်မှတ်ရေးအတွက် မူဝါဒများချပေးရန် လွှတ်တော်သို့တင်ပြ ခြ င်း။ | ကျေး လ ကျ် ဦးစီး |
| သီးနှံအထွက်တိုးရေး၊ မျိုးကောင်း မျိုးသန့် | ၁၀။ သီးနှံအထွက်တိုးရေးစီမံ ချက် | ၂၆ | ၁၀ | -ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>-စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန<br>-စိုက်ပျိုးရေးသွင်းအားစုများ ဆက်သွယ်မှုရရှိရန်<br>-မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း | ကျေး လ ကျ် ဦးစီး |
| သီးနှံများမှိုရောဂါ | ၁၁။ စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှုစီမံချက် | ၂၅ | ၁၁ | -စိုက်ပျိုးရေးတွင် ပြင်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြုပ်နှံမှုများ အ တွက် အဆက်အသွယ်ကောင်းများနှင့်ချိတ်ဆက်ခြင်း<br>-အသိပညာပေးခြင်း၊ပိုးသတ်ဆေးပြုလုပ်နည်းသင်တန်းပေးခြ င်း | ကျေး လ ကျ် ဦးစီး |

| | | | | | |
|---|---|---|---|---|---|
| သီးနှံရောင်းချရန်ဈေးကွက်မရှိခြင်း | ၁၂။ ဈေးကွက်ဖွံ့ဖြိုးမှုစီမံချက် | ၂၄ | ၁၂ | -ဈေးကွက်နှင့် သတင်းချိတ်ဆက်မှုပြုလုပ်ခြင်း<br>-ဈေးကွက်သဘောတရားနှင့် နားလည်မှုစွမ်းရည်မြှင့်တင်ရေး | ကျေး<br>လ<br>က်<br>ဦးစီး |
| **ကဏ္ဍ/<br>အကြောင်းအရာ** | **စီမံချက်** | **ရမှတ်<br>ပေါင်း** | **အဆင့်** | **စီမံချက်အကြောင်းရှင်းလင်း<br>ဖော်ပြချက်** | **မှတ်<br>ချက်** |
| အတိုးသက်သာ/ကာလရှည် ချေးငွေ ရရှိလိုခြင်း | ၁၃။ ဘဏ်နှင့်ငွေကြေးဝန် ဆောင် မှုစီမံချက် | ၂၂ | ၁၃ | -စိုက်ပျိုးရေးဘဏ်၏ မူဝါဒများခေတ်စနစ်နှင့်အညီ ပြန်လည်စီစစ်ပြီး ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရန် လွှတ်တော်သို့ တင်ပြခြင်း<br>-စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ဖော်ဆောင်ပေးရန် စီးပွားရေးနှ င့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့တင်ပြခြင်း<br>-ဒေသတွင်း ငွေချေးလုပ်ငန်းများအား တရားဝင်မှတ်ပုံတင်ပြီး သင့်တင့်သောတိုးနှုန်းများဖြင့် စနစ်တကျလုပ်ကိုင်နိုင်စေရန် စီးပွား/ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြခြင်း<br>-ချေးငွေလုပ်ငန်းအားလုံး၏ ချေးငွေအတွက် လိုအပ်သော အထောက်အထားများပြင်ဆင်ခြင်း<br>-အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့ များနှင့် ချိတ်ဆက်ပေးခြင်း | ကျေး<br>လ<br>က်<br>ဦးစီး |
| တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိနိုင်ရေး အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလိုခြင်း၊ဒေသထွက် သီးနှံဖြင့် | ၁၄။ အသေးစားဝင်ငွေတိုးရေး စီမံချက် | ၂၀ | ၁၄ | -မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>-ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း<br>-စက်ရုံအလုပ်ရုံ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ ကုန်ထုတ် လုပ်မှုများအတွက် ငွေကြေးနှင့် နည်းပညာဝန်ဆောင်မှုပေးခြင်း | ကျေး<br>လ<br>က် |

| | | | | | |
|---|---|---|---|---|---|
| ကုန်ချောထုတ်လုပ်နိုင်ရေး | | | | | ဦးစီး |

(ဃ)　**အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုနှင့် အဖွဲ့အစည်းများရပ်မိရပ်ဖများက ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကိုရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း များကို အကောင်အထည်ဖော်ဆောင်ရွက်မှု အနေအထားအရ ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်း အခြားများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဆောင်ရွက်လိုခြင်း | ၁ | √ | √ | | | |
| ၂။ | ကျေးရွာရုံးဆောက်လိုခြင်း၊စီမံ အုပ်ချုပ်မှုသင်တန်းပေးရန်လိုခြင်း | ၂ | | √ | | | |
| ၃။ | ကျေးရွာတွင်းလမ်းကတတရာလမ်းခင်းလိုခြင်း၊တိုးချဲ့ခြင်း | ၃ | | | √ | | |
| ၄။ | ဆေးပေးခန်းဆောက်လုပ်နိုင်ရေး၊ လူမှုကူညီရေးယာဉ်ရရှိ နိုင်ရေး | ၄ | | | | √ | |
| ၅။ | အားကစားကွင်းရရှိရေး/ရှမ်း ရိုးရာ အကသင်ကြားနိုင်ရေး /စာကြည့်တိုက် ရရှိရေး | ၅ | | | √ | √ | |
| ၆။ | စာသင်ကျောင်းနှင့် ဆရာ/ ဆရာမ အဆောင်၊မူလတန်းမှအလယ်တန်း အဆင့် တိုးမြှင့်နိုင်ရေး | ၆ | | | | √ | |
| ၇။ | လီဆူအများစုနေထိုင်သောအပိုင်း မြေတွန်းမှုဖြစ်ပေါ်ခြင်း | ၇ | | | | | √ |
| ၈။ | မွေးမြူရေးကာကွယ်ဆေးအရင်းအနှီး နှင့်နည်းပညာလိုအပ်ခြင်း၊ တပိုင် တနိုင်ကြက်၊ဆိတ်မွေးမြူ လိုခြင်း | ၈ | | | | | √ |
| ၉။ | စိုက်ပျိုးရေးစိုက်ပျိုးမြေပိုင်ဆိုင်မှု(ပုံစံ-၇) | ၉ | | √ | | | |
| ၁၀။ | သီးနှံအထွက်တိုးရေး၊ မျိုးကောင်းမျိုးသန့် | ၁၀ | | √ | | | |
| ၁၁။ | မှိုရောဂါ(စိုက်ပျိုးရေးနည်း ပညာ ဖွံ့ | ၁၁ | | | √ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ဖြိုးရေး) | | | | | | |
| ၁၂။ | ဈေးကွက်ဖွံ့ဖြိုးမှုစီမံချက် | ၁၂ | | | √ | | |
| ၁၃။ | ဘဏ်နှင့်ငွေကြေးဝန်ဆောင် မှုစီမံချက် | ၁၃ | | | | √ | |
| ၁၄။ | အသေးစားဝင်ငွေတိုးရေး စီမံချက် | ၁၄ | | | | | √ |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာဖြစ်စ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက် နိုင်ရန်အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့ စီမံ ချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်း များထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများရရှိရန် လိုအပ်ပါသည်။ ဖော်ပြ ထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှု များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု ဥပမာ- လုပ်အား၊ သဲ၊ ကျောက် ပစ္စည်း ကရိယာ၊ အချိန်စသည့်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | သောက်သုံးရေနှင့်သန့်ရှင်းရေး ဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၂ | ဖွံ့ဖြိုးရေးစီမံချက် | | | | √ | |
| ၃ | လမ်းတံတားဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၄ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၅ | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | | | | √ | √ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ပညာရေးဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၇ | သဘာဝဘေးလျော့ချရေး စီမံချက် | | √ | | | √ |
| ၈ | မွေးမြူရေးဖွံ့ဖြိုးမှုစီမံချက် | | | | √ | |
| ၉ | စိုက်ပျိုးမြေဖွံ့ဖြိုးရေးစီမံချက် | | | | √ | |
| ၁၀ | သီးနှံအထွက်တိုးရေးစီမံချက် | | | | √ | |
| ၁၁ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံချက် | | | | √ | |
| ၁၂ | ဈေးကွက်ဖွံ့ဖြိုးမှုစီမံချက် | | | | √ | |
| ၁၃ | ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုစီမံချက် | | | | √ | |
| ၁၄ | အသေးစားဝင်ငွေတိုးရေး စီမံချက် | | √ | | √ | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်၍ လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာနေပြည်သူလူထုတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော လုပ်ငန်းများကိုအောင်မြင်စွာအကောင် အထည် ဖော်ဆောင်ရွက်တာဝန်မှာ မိမိကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့အစည်းသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများ အောင်မြင်ရန် ဦးဆောင်ပါမည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ**

မိမိတို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီးမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံ ခန့်ခွဲမှု တာဝန်ယူဆောင်ရွက်ပြီး၊ အခြားသောဖွံ့ဖြိုးရေးကို ပံ့ပိုးကူညီနိုင်မည့် အဖွဲ့များကိုလည်းရှာဖွေ ပူးပေါင်းပြီးဆောင်ရွက်ပါမည်။ မိမိတို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန် ဖြစ်ပါသည်။ သက်ဆိုင်ရာကျေးရွာအတွင်းရှိ ကော်မတီများအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင် ရွက်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများထံမှအကူအညီ၊ အကြံဉာဏ်များတောင်းခံမှု ပြုပါမည်။

**(ဂ) ကန်တရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားများဖော်ပြချက်တွင် တင်ဒါ ခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရှိရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့ အစည်းပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါသည်။

၁။ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

၂။ စိုက်ပျိုးရေး ၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများအတွက်နည်း ပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ၊ လူထုအဖွဲ့ အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထား သည့် အရေးကြီးကိစ္စများကို ကြီးကြပ်မှုပေးမည်ဖြစ်ပြီး၊ လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ပေးထားသည့်အဖွဲ့သာ တာဝန်ယူပါမည်။ အချို့ ကိစ္စ များတွင် မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် မိမိကျေးရွာ ဖွံ့ဖြိုးရေး အဖွဲ့မှ တာဝန်ပေးထားသောအဖွဲ့သည် မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူး ပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(၁) လုပ်ငန်းဆိုင်ရာတိုးတက်မှု

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

(ခ)	နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

(ဂ)	နည်းပညာဆိုင်ရာအကူအညီ

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|
| ***သောက်သုံးရေနှင့်သန့်ရှင်းရေးဖွံ့ဖြိုးမှုစီမံချက်*** | | | | |
| ၁။ အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဆောင်ရွက်ရေး | ၄၂ | ၁ | -စိမ့်စမ်းရေသွယ်ယူရန်ရေအရင်းအမြစ်ရှိခြင်း<br>-ကျေးရွာမှ လုပ်အားစိုက်ထုတ်နိုင်ခြင်း(မြေတူး၊လုပ်သား)<br>-မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| ***ဖွံ့ဖြိုးရေးစီမံချက်*** | | | | |
| ၂။ ကျေးရွာရုံးဆောက်လုပ်ခြင်း၊<br>အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်<br>မှုသင်တန်းများပြုလုပ်ခြင်း | ၄၀ | ၂ | -မြေနေရာရှာဖွေခြင်း၊<br>-မြို့နယ်ထွေ/အုပ်သို့တင်ပြခြင်း<br>-မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| ***လမ်း၊တံတားဖွံ့ဖြိုးမှုစီမံချက်*** | | | | ကျေးလ |

| | | | | |
|---|---|---|---|---|
| ၃။ ကျေးရွာတွင်းကတရာလမ်း (၁၀၀၀'×၁၂')ခင်းရန်၊ခင်းပြီး (၂၄၀၀')အားတစ်ဖက်၂'စီ တိုးချဲ့ရန် | ၃၈ | ၃ | -မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့တင်ပြခြင်း<br>-မြို့နယ်လျှပ်စစ်ဌာနသို့တင်ပြ ဆွေးနွေးခြင်း<br>-မီးတပ်ဆင်မှုလုပ်ငန်းစဉ်များ အားပြန်လည်စီစစ်ခြင်း | က် ဦးစီး |
| ***ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်*** | | | | |
| ၄။ ကျန်းမာရေးဆေးပေးခန်း ဆောက်လိုခြင်း၊လူမှုကူညီ ရေးယာဉ်ရရှိလိုခြင်း | ၃၆ | ၄ | -ကျေးရွာမှ လုပ်အားကူညီနိုင်ခြင်း<br>-မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့တင်ပြခြင်း<br>- မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| ***လူငယ်ဖွံ့ဖြိုးရေးစီမံချက်*** | | | | |
| ၅။ အားကစားကွင်းရရှိရေး၊ ရှမ်းရိုးရာအကသင်ကြားနိုင်ရေး၊ စာကြည့်တိုက်ရရှိရေး | ၃၄ | ၅ | -မြေနေရာပိုင်ဆိုင်မှုရရှိရေး၊အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်ပေးခြင်း-ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့နှင့် ချိတ်ဆက်ပေးရေး-ပြန်/ဆက်ဦးစီးဌာန၊ အုပ်ချုပ်ရေး ဌာနနှင့်ပေါင်းစပ် ဆောင်ရွက်ပေးရေး | ကျေးလက် ဦးစီး |
| ***ပညာရေးဖွံ့ဖြိုးမှုစီမံချက်*** | | | | |
| ၆။ စာသင်ကျောင်း၊ ဆရာ/ဆရာမ အဆောင်၊ အလယ်တန်းအဆင့် တိုးမြှင့်ပေးရေး | ၃၂ | ၆ | -မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်၍ သတ်မှတ်ချက်များပြည့်စုံစွာဖြင့် တင်ပြနိုင်ရေး<br>-မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | ကျေးလက် ဦးစီး |
| ***သဘာဝဘေး*** | | | | ကျေးလ |

| | | | | | |
|---|---|---|---|---|---|
| ***လျှော့ချရေး စီမံချက်*** | ၇။ လီဆူလူမျိုးများနေထိုင်သောအပိုင်းမြေတွန်းမှုရှိ | ၃၁ | ၇ | -အပေါ်ယံမြေလွှာအားဖယ်ရှားလျှင်ရနိုင်<br>-ကျွမ်းကျင်သူ(ဘူမိ)ပညာရှင်များအကူအညီရယူရန်<br>-မြို့နယ်စီ/ခန့်တွင် တင်ပြဆွေးနွေးရန် | က် ဦးစီး |
| ***မွေးမြူရေးဖွံ့ဖြိုးမှုစီမံချက်*** | | | | | |
| | ၈။ တပိုင်တနိုင်ကြက်၊ဆိတ်မွေးမြူနိုင်ရေး၊ တိ/ကုသင်တန်းများပေးနိုင်ရေး | ၃၀ | ၈ | -မွေးမြူရေး၊ ကုသရေးနှင့် ရောဂါဘယအကြောင်းစိတ်ဝင်စားမှုတိုး များလာစေရန်ဆောင်ရွက်ခြင်း<br>-ပညာပေးအစီအစဉ်များ၊ သင်တန်းများနှင့် ငွေကြေးနှင့်အခြားဝန် ဆောင်မှုများပေးခြင်း | ကျေးလက် ဦးစီး |
| ***စိုက်ပျိုးမြေဖွံ့ဖြိုးရေးစီမံချက်*** | | | | | |
| | ၉။ စိုက်ပျိုးမြေပိုင်ဆိုင်ရေးပုံစံ (၇) ရရှိရေး | ၂၈ | ၉ | -မြေစာရင်းဌာန<br>-ကျေးရွာမြေယာကော်မတီ ကျစ်လစ်ခိုင်မာစွာဖွဲ့စည်းခြင်း<br>-ဌာနဆိုင်ရာနှင့် ဆက်စပ်မြေများကို နယ်နမိတ်အပိုင်းအ ခြားတိကျစွာ သတ်မှတ်ရေးအတွက် မူဝါဒများချပေးရန် လွှတ်တော်သို့တင်ပြဆွေးနွေးခြင်း | ကျေးလက် ဦးစီး |
| ***သီးနှံအထွက်တိုးစီမံချက်*** | | | | | |
| | ၁၀။ သီးနှံအထွက်တိုးရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး | ၂၆ | ၁၀ | -ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>-စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန<br>-စိုက်ပျိုးရေးသွင်းအားစုများ ဆက်သွယ်မှုရရှိရန်<br>-မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း | ကျေးလက် ဦးစီး |

| | | | | |
|---|---|---|---|---|
| ***စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံချက်*** | | | | |
| ၁၁။ သီးနှံများမှိုရောဂါ | ၂၅ | ၁၁ | -စိုက်ပျိုးရေးတွင် ပြင်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြုပ်နှံမှုများ အတွက် အဆက်အသွယ်ကောင်းများနှင့်ချိတ်ဆက်ခြင်း- အသိ ပညာပေးခြင်း၊ပိုးသတ်ဆေးပြုလုပ်နည်းသင်တန်းပေးခြင်း | ကျေးလက် ဦးစီး |
| ***ဈေးကွက်ဖွံ့ဖြိုးမှုစီမံချက်*** | | | | |
| ၁၂။ အသီးအနှံရောင်းချရန် ဈေးကွက်မရှိခြင်း | ၂၄ | ၁၂ | -ဈေးကွက်နှင့် သတင်းချိတ်ဆက်မှုပြုလုပ်ခြင်း<br>-ဈေးကွက်သဘောတရားနှင့် နားလည်မှုစွမ်းရည်မြှင့်တင်ရေး | ကျေးလက် ဦးစီး |
| ***ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုစီမံချက်*** | | | | |
| ၁၃။ အတိုးနှုန်းသက်သာ/ကာလ ရှည်ချေးငွေရရှိလိုခြင်း | ၂၂ | ၁၃ | -စိုက်ပျိုးရေးဘဏ်၏ မူဝါဒများခေတ်စနစ်နှင့်အညီ ပြန်လည်စီစစ် ပြီး ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရန် လွှတ်တော်သို့ တင်ပြခြင်း<br>-စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ဖော်ဆောင်ပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့တင်ပြခြင်း<br>-ဒေသတွင်း ငွေချေးလုပ်ငန်းများအား တရားဝင်မှတ်ပုံတင်ပြီး သင့်တင့်သောတိုးနှုန်းများဖြင့် စနစ်တကျလုပ်ကိုင်နိုင်စေရန် စီးပွား/ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြခြင်း<br>-ချေးငွေလုပ်ငန်းအားလုံး၏ ချေးငွေအတွက် လိုအပ်သော အထောက်အထားများပြင်ဆင်ခြင်း | ကျေးလက် ဦးစီး |

| | | | | |
|---|---|---|---|---|
| | | | -အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့ များနှင့် ချိတ်ဆက်ပေးခြင်း | |
| ***အသေးစားဝင်ငွေတိုးရေးစီမံချက်*** | | | | |
| ၁၄။ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားလိုခြင်း၊ဒေသထွက် သီးနှံဖြင့်ဖျော်ရည်ပြုလုပ်နည်း သင်ကြားနိုင်ရေး | ၂၀ | ၁၄ | - အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်း (လက်သမား၊ပန်းရံ၊ရိုက်အုတ်ပြုလုပ်ခြင်း) - ဒေသထွက်သီးနှံဖြင့်ဖျော်ရည်ပြုလုပ်နည်းသင်တန်း ပေးခြင်း | ကျေးလက် ဦးစီး |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက် ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်။

| စီမံချက် | | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁။ | သောက်သုံးရေနှင့်သန့်ရှင်းရေး ဖွံ့ဖြိုးမှု စီမံချက် | ၁ | —— | —— | | | |
| ၂။ | ဖွံ့ဖြိုးရေးစီမံချက် | ၂ | | —— | | | |
| ၃။ | လမ်းတံတားဖွံ့ဖြိုးမှုစီမံချက် | ၃ | | | —— | | |
| ၄။ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် | ၄ | | | | —— | |
| ၅။ | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | ၅ | | | —— | —— | |
| ၆။ | ပညာရေးဖွံ့ဖြိုးမှုစီမံချက် | ၆ | | | | —— | |
| ၇။ | သဘာဝဘေးလျော့ချရေး စီမံချက် | ၇ | | | | | —— |
| ၈။ | မွေးမြူရေးဖွံ့ဖြိုးမှုစီမံချက် | ၈ | | | | | —— |
| ၉။ | စိုက်ပျိုးမြေဖွံ့ဖြိုးရေးစီမံချက် | ၉ | | —— | | | |
| ၁၀။ | သီးနှံအထွက်တိုးရေးစီမံချက် | ၁၀ | | —— | | | |
| ၁၁။ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုး မှုစီမံချက် | ၁၁ | | | —— | | |
| ၁၂။ | ဈေးကွက်ဖွံ့ဖြိုးမှုစီမံချက် | ၁၂ | | | —— | | |
| ၁၃။ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုစီမံချက် | ၁၃ | | | | —— | |
| ၁၄။ | အသေးစားဝင်ငွေတိုးရေး စီမံချက် | ၁၄ | | | | | —— |

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | သောက်သုံးရေနှင့်သန့်ရှင်းရေး ဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၂ | ဖွံ့ဖြိုးရေးစီမံချက် | | | | √ | |
| ၃ | လမ်းတံတားဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၄ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၅ | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | | | | √ | √ |
| ၆ | ပညာရေးဖွံ့ဖြိုးမှုစီမံချက် | | | √ | | |
| ၇ | သဘာဝဘေးလျော့ချရေး စီမံချက် | | √ | | | √ |
| ၈ | မွေးမြူရေးဖွံ့ဖြိုးမှုစီမံချက် | | | | √ | |
| ၉ | စိုက်ပျိုးမြေဖွံ့ဖြိုးရေးစီမံချက် | | | | √ | |
| ၁၀ | သီးနှံအထွက်တိုးရေးစီမံချက် | | | | √ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုး မှုစီမံချက် | | | | √ | |
| ၁၂ | ဈေးကွက်ဖွံ့ဖြိုးမှုစီမံချက် | | | | √ | |
| ၁၃ | ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုစီမံချက် | | | | √ | |
| ၁၄ | အသေးစားဝင်ငွေတိုးရေး စီမံချက် | | √ | | √ | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မွေးဖွား% |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၈ | ၁၉ | ၂.၀၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၅ | ၃၄ | ၆၉ | ၇.၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၃ | ၄၂ | ၉၅ | ၁၀.၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၁ | ၂၃ | ၆၄ | ၇.၀၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၂၂ | ၃၀၂ | ၆၂၄ | ၆၈.၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၂၃ | ၄၀ | ၄.၄ |
| စုစုပေါင်း | | ၄၇၉ | ၄၃၂ | ၉၁၁ | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၉၆ | | | |
| တစ်အိမ်ထောင်ပျမ်းမျှ | | ၄.၆၅ | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မိုးကုတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာသည် အိမ်ထောင်စု (၁၉၆) ရှိပြီး၊ (၁) အိမ် ထောင် ပျမ်းမျှ (၄.၆၅)ယောက်နှုန်းရှိသည်။ မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်ပျမ်းမျှသတ်မှတ်နှုန်းနှင့် ကိုက်ညီသည်။ ကျေးရွာတွင်နေထိုင်မှုမှာ ဗမာ(၄၇)အိမ်ထောင်စု၊ ရှမ်း/ဗမာ (၃၈)အိမ်ထောင်စု ၊ရှမ်း (၄၆) အိမ်ထောင်စု ၊ပလောင် (၁)အိမ်ထောင်စု၊ ပလောင်/ဗမာ (၃) အိမ်ထောင်စု၊ ရှမ်း/ပလောင် (၂) အိမ်ထောင်စု၊ လီဆူ (၄၉) အိမ်ထောင်စု၊ ကချင် (၉)အိမ်ထောင်စု နှင့် လီဆူ/ဗမာ (၁) အိမ်ထောင်စုတို့ဖြစ်သည်။ တိုင်းရင်းသားအများစု စုပေါင်းနေထိုင် ကြသောကျေးရွာဖြစ်ပါသည်။ တစ်နှစ်အောက်လူဦးရေမှာ ၁၉ ဦး (၂.၀၉%) သာ ရှိသဖြင့် လူဦးရေမွေးဖွါးနှုန်း သင့်တင့်သည်ကို တွေ့ရ သည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိ<br>သား<br>စု ဝင်<br>လုပ်<br>အား | | |
|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၈ | ၁၇၃ | | မြင့်√လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်√လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၅ | | မြင့်☐လတ်√နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်√လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | မြင့်√☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်√☐လတ်☐နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၈ | ၈၃ | | မြင့်√☐လတ် နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့်√☐လတ် နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၂၇ | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၂၂၉ | ၃၀၅ | | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင် ရပ်တည် နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** သစ်ဆိမ့်ကုန်းကျေးရွာအနေဖြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေမှာ ၆၅.၃ % တွေ့ရှိရပြီး၊ အရောင်းအဝယ်မှာ ၃၄.၇% တွေ့ရှိရသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
